> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ် သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။
>
> ဓမ္မပဒ


# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၀၂)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ သီလဝါအထူးစီးပွားရေးဇုန် (Thilawa SEZ)သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသည့်ပြယုဂ်တစ်ခုဖြစ်

နေပြည်တော် ဇူလိုင် ၂၈

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာစေရန်နှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်းနှင့် ဂျပန်နိုင်ငံ Ingo Peace တို့ပူးပေါင်းကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးထိန်လင်း၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဦးခင်မောင်စိုး၊

စာမျက်နှာ ၁၆ ကော်လံ ၁★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုစဉ်။

## မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော် ဇူလိုင် ၂၈


ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်ဟယ်လ်ဒီယာမြို့(Haldia)၏အနောက်ဘက်နှင့် ဒစ်ဂါမြို့ (Digha)၏ အရှေ့ဘက်ကမ်းခြေဒေသတို့အကြားမှ ဖြတ်ကျော်ခဲ့သော မုန်တိုင်းငယ်သည် အနောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိဿပြည်နယ်မြောက်ပိုင်းသို့ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း ဂျက်ခမ်းပြည်နယ်တောင်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## မုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်

စာမျက်နှာ ၉ ကော်လံ ၁▼





**ဆောင်းပါး**

“၁၁၁”နှစ်ပြည့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး

စာ - ၁၂ သို့


## ကရင်ပြည်နယ်၏ ပထမဦးဆုံး EV Charging Hub(1)၊ Hub(2) ဖွင့်လှစ်

စာ - ၄ သို့

## ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့တွင် ရှေးဟောင်းအဆောက်အအုံ ကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှေးဟောင်းအဆောက်အအုံ လေးခုကိုကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်နိုင်ခဲ့ပြီး ယနေ့တပ်ဆင်သည့် ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်) အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ရှေးဟောင်းအဆောက်အအုံနှစ်ခုအပါအဝင်

စာမျက်နှာ ၁၅ ကော်လံ ၁ ❐

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၉ ရက်)

# ကုသိုလ်တိုးပွားကောင်းကျိုးများစေမည့် ဓမ္မစကြာအခါတော်နေ့

ဝါဆိုလပြည့်နေ့သည် မင်္ဂလာရှိပြီး မြင့်မြတ်သောလပြည့်နေ့ဟု မှတ်ယူနိုင်ခဲ့ကြသည်။ ထိုသို့မှတ်ယူခဲ့ရခြင်းမှာ ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားအလောင်းတော်သည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ သန္ဓေယူသောနေ့ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး သံဝေဂရရှိသွားကာ ရွှေနန်းစည်းစိမ်အားလုံးကိုစွန့်ခွာ၍ တောထွက်တော်မူသည်။ ဘုရားအဖြစ်သို့ရောက်တော်မူပြီး တရားဦးဒေသနာဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်(ဓမ္မစကြာ) တရားတော်ကို ဟောတော်မူသည်။ တုဖက်၍ ယှဉ်ပြိုင်လာသော တိတ္ထိ တက္ကတွန်းများကို မှားယွင်းသောအယူဝါဒကို စွန့်ပယ်ရန် ရေမီးအစုံတန်ခိုးပြာဋိဟာပြတော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဟု မှတ်တမ်းပြုထားခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဂေါတမဘုရားရှင်အဖြစ် ရောက်ရှိတော်မူခဲ့သဖြင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟုသတ်မှတ်ပူဇော်ကြသည်။ ထိုသို့ ဘုရားရှင်ဖြစ်တော်မူလာပြီး ဗောဓိမဏ္ဍိုင်အနီးတွင် ပလ္လင်္ကသတ္တာဟအစရှိသောအရပ်တို့၌ ခုနစ်ရက်ခုနစ်ဌာနသီတင်းသုံးတော်မူခဲ့သည်။ နောက်ဆုံးသတ္တာဟမှအထွက် ၄၉ ရက်မြောက်သောနေ့တွင် အလွန်နက်နဲလှသော တရားတော်၏သဘောကို သိမြင်တော်မူလာခဲ့သည်။ သို့သော် ထိုတရားတော်သည် ရာဂ၊ မောဟ ထူပြောလှသော ပုထုဇဉ်သတ္တဝါများအတွက် နားလည်သဘောပေါက်ရန် ခက်ခဲနိုင်သောကြောင့် တရားဒေသနာဟောကြားတော်မူရန် စိတ်အားလျော့ပါးနေချိန်တွင် သဟမ္ပတိဗြဟ္မာမင်းက တရားဒေသနာဟောကြားတော်မူပါရန် တောင်းပန်လျှောက်ထားခဲ့သည်။

မြတ်စွာဘုရားရှင်သည် အဘယ်သူအားဟောကြားအံ့နည်းဟု ဆင်ခြင်တော်မူရာ အာဠာရရသေ့နှင့် ဥဒကရသေ့တို့ကို မြင်တော်မူခဲ့သည်။ သို့သော် ထိုသူများကား စုတေ၍ အရူပဘုံသို့ရောက်သွားကြောင်း သိတော်မူသောကြောင့် ဒုက္ကရစရိယာခြောက်နှစ်ကျင့်စဉ်က လုပ်ကျွေးခဲ့ဖူးကြသည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ စသည့် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားတော်မူရန်ဆင်ခြင်တော်မူခဲ့သည်။ မြတ်ဗုဒ္ဓသည် ကာသိတိုင်း ဗာရာဏသီပြည်၏မြောက်ဘက် ၁၈ ယူဇနာကွာဝေးရာ (ယခု အိန္ဒိယနိုင်ငံ ဥတ္တာပရာဒက်ရှ်ပြည်နယ် ဆာရာနတ်သ်ဒေသ) ရှေးအခါက ရသေ့မြတ်သူတော်စင်အပေါင်း သက်ဆင်းရာနှင့် သမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောကြီးသို့ကြွတော်မူပြီး ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသည်။

ဓမ္မစကြာတရားတော်သည် ဗုဒ္ဓသာသနာတော်တွင် ဓမ္မပန္နက်ချမှတ်စိုက်ထူသည့်တရားတော်လည်းဖြစ်သည်။ ဗုဒ္ဓ၏ဝါဒလမ်းစဉ်မှာ အစွန်းနှစ်ပါးဝါဒလမ်းစဉ်ကိုရှောင်ရှားသည့် အလယ်အလတ်လမ်းစဉ်ခေါ် မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြစ်သည်။ မဇ္ဈိမပဋိပဒါလမ်းစဉ်ဆိုသည်မှာ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်တရားလမ်းစဉ်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားအဖြစ်နှင့် ပထမဦးစွာဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ကို စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတစ်ရာ့ရှစ်ကုဋေနှင့် ပဉ္စဝဂ္ဂီငါးပါး စုစုပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ငါးပါးရှိသည်။ ဓမ္မစကြာတရားတော်ကိုနာယူပြီးနောက် ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍည၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အရှင်ဝပ္ပ၊ ၂ ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ ၃ ရက်နေ့တွင် အရှင်မဟာနာမ်၊ ၄ ရက်နေ့တွင် အရှင်အဿဇိတို့သည် သောတာပန်တည်တော်မူကြသည်။

ဓမ္မစကြာဆိုသည်မှာ သစ္စာလေးပါး အမှန်တရားကို စက်ကဲ့သို့အဖန်ဖန်အထပ်ထပ်ဟောတော်မူသော တရားတော်ဟု အဓိပ္ပာယ်ရသည်။ ဓမ္မစကြာတရားတော်၏ အနှစ်ချုပ်မှာ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်းမဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိ(ကောင်းစွာမြင်ခြင်း)၊ သမ္မာသင်္ကပ္ပေါ(ကောင်းစွာကြံခြင်း)၊ သမ္မာဝါစာ(ကောင်းစွာပြောဆိုခြင်း)၊ သမ္မာကမ္မန္တော(ကောင်းစွာပြုလုပ်ခြင်း)၊ သမ္မာအာဇီဝေါ(ကောင်းစွာအသက်မွေးခြင်း)၊ သမ္မာဝါယာမော(ကောင်းစွာအားထုတ်ခြင်း)၊ သမ္မာသတိ(ကောင်းစွာအောက်မေ့ခြင်း)၊ သမ္မာသမာဓိ(ကောင်းစွာတည်ကြည်ခြင်း)ဟူ၍ ဖြစ်သည်။

"ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည် ဤရှစ်မည်" ဟူသည်မှာ အမှားတရား(အစွန်းတရား)နှစ်ပါးနှင့်လွတ်ကင်းသောအလယ်အလတ်ကျင့်စဉ်အမှန်တရားဖြစ်သည်။ ထိုကျင့်စဉ်ကိုပွားများကျင့်ကြံခြင်းဖြင့် ဒုက္ခသစ္စာ(ဆင်းရဲခြင်းအဖုံဖုံကိုသိမြင်လာနိုင်သည်)၊ သမုဒယသစ္စာ(ဒုက္ခဖြစ်သောအကြောင်းများကို ပယ်ဖျောက်လာနိုင်သည်)၊ နိရောဓသစ္စာ( ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုဆိုက်ရောက်နိုင်သည်)၊ မဂ္ဂသစ္စာ (ဒုက္ခချုပ်ငြိမ်းကြောင်း မဂ္ဂင်ရှစ်ပါးပွားများနိုင်သည်)။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးသည် သစ္စာလေးပါးကို မြင်နိုင်စွမ်းရှိပြီး နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်ဖြစ်သည်။

သို့ဖြစ်ရာ ဓမ္မစကြာတရားတော်သည် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော တရားတော်မြတ်ဖြစ်ရာ ယနေ့ ဝါဆိုလပြည့်နေ့တွင် ဘုရား၊ တရား၊ သံဃာတော်မြတ်တို့ လွှမ်းခြုံသည့် ဓမ္မစကြာတရားမြတ်ကို ကြည်ညိုသဒ္ဓါပွားနာယူမှတ်သားကြပြီး ကုသိုလ်အထူးယူကြရမည်ဖြစ်သည်။ အခြားလများထက် ဝါဆိုလပြည့်နေ့သည် ဘာသာရေးအရ အရေးပါသောလဟုနှလုံးသွင်းလျက် ကြည်ညိုသူတိုင်း **ကုသိုလ်တိုးပွား၊ ကောင်းကျိုးများစေမည့်** သာသနာတော်ဆိုင်ရာ အခါတော်နေ့အဖြစ်ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွင် တင်ပြတောင်းခံလာသည့် စီမံကိန်းယူနစ် (၄၄)ခုအတွက် ရန်ပုံငွေများထပ်မံခွင့်ပြု

မြစ်ကြီးနား ဇူလိုင် ၂၈

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် (စတုတ္ထနှစ်စက်ဝန်း) အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွင် တင်ပြတောင်းခံလာသည့် စီမံကိန်းယူနစ် (၄၄) ခုအတွက် ရန်ပုံငွေများထပ်မံခွင့်ပြုပေးခဲ့ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ကချင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမတည်ပေးမှုဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးမွေးမြူရေးစီမံကိန်းလုပ်ငန်းအသစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် ရန်ပုံငွေထပ်တိုးမတည် လည်ပတ်မည့်စီမံကိန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လုပ်ငန်းစီမံကိန်းအလိုက် မြေပြင်ကွင်းဆင်းပြီး အမှန်တကယ်လုပ်ကိုင်သူများအား ချေးငွေများချထားပေးနိုင်ရေး၊ စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲ၍ လုပ်ထုံးလုပ်နည်းနှင့်အညီအကူအညီပေးရေး၊ ရန်ပုံငွေအတိုး/ အရင်းရငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်နှင့်အညီ စနစ်တကျပြုစုရေးမှာကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် လုပ်ငန်းကဏ္ဍအလိုက် ရန်ပုံငွေများ တိုးမြှင့်ချထားပေးနိုင်ရေး စိစစ်ဆွေးနွေးကြပြီး ယခု စီမံကိန်းစတုတ္ထနှစ်စက်ဝန်းတွင် ရန်ပုံငွေရယူလိုသည့် စီမံကိန်းယူနစ်အသစ် (၂၀) နှင့် စီမံကိန်းယူနစ်အဟောင်းများထဲမှ ထပ်တိုးရယူလိုသည့် လုပ်ငန်းစီမံကိန်း (၂၄)ခု စီမံကိန်းယူနစ် စုစုပေါင်း (၄၄)ခု အတွက် ရန်ပုံငွေချထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၌ ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား နေရာချထားပေးခဲ့သော ဝိုင်းမော်ဇုန်နယ် လီဆူနှစ်ခြင်းအသင်းတော်များအဖွဲ့ ယာယီတိမ်းရှောင်စခန်းရှိ အိမ်ထောင်စု စုစုပေါင်း ၁၆၈ စုတို့အတွက် ဆန် ၂၄ ပြည်ပါ ၁၆၈ အိတ်ကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

Online Newspaper
စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၈

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၇ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၈၉ ရာခိုင်နှုန်း ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက်ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကိစ္စတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးတို့အတွက် အထူးအလေးထား စဉ်းစားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးရေး စသည့်ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများကို ထိရောက်စွာခွဲဝေသုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာဝင်ငွေတိုးတက်ရရှိရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့်စိုက်ပျိုးရေး၊ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံးအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဧပြီလ ၁ ရက်မှစတင်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို မေလ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်က ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့်ပမာဏမှာ ငွေကျပ် ၈၄ ဘီလီယံခန့်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မေလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်ပမာဏမှာ ငွေကျပ် ၅ ဘီလီယံခန့်ဖြစ်သဖြင့် စုစုပေါင်းခွင့်ပြုခဲ့သည့်ပမာဏမှာ ငွေကျပ် ၈၉ ဘီလီယံခန့်ရှိခဲ့ပါကြောင်း။

ထိုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် စိုက်ပျိုးရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍတို့အတွက် လောင်စာဆီနှင့်သဘာဝဓာတ်ငွေ့ရည်အတွက် ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ခဲ့ပြီး အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများတည်ငြိမ်မှုနှင့် လျော့ကျမှုရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခအခြေအနေ၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်းအတက်အကျအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းအခြေအနေ၊ အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ နိုင်ငံတော်၏ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခွန်အကောက်ရငွေအခြေအနေတို့ကို လစဉ် စိစစ်သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကာလတွင်အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့်ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် မတည်ငြိမ်မှုများဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး လောင်စာဆီဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝများအဆင်ပြေချောမွေ့ရေးနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း ဆက်လက်ထိန်းညှိပေးနိုင်ရန်အတွက် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ဇူလိုင်လနှင့်ဩဂုတ်လ နှစ်လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ဇူလိုင်လအတွက် တစ်လထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၆)၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

ယခင်က ဒီဇယ်ဆီအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရန် ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းစဉ်က လွှတ်တော်ကိုယ်စားလှယ်များထောက်ပြဆွေးနွေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ ကင်းလွတ်ခွင့်ပြုသင့်ကြောင်း ဆွေးနွေးချက်ကို အလေးထားသောအားဖြင့် ရုံးလုပ်ထုံးလုပ်နည်းများ ပြန်လည်စိစစ်၍ ဩဂုတ်လအတွက် အခွန်ကင်းလွတ်ခွင့်ပြုရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ နှစ်လ ထပ်မံ၍ ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဒေါက်တာဇည္ညားအောင်မိုးက ဒီဇယ်ဆီနှင့် LNG တို့သည် အလွန်အရေးကြီးသော လူသုံးကုန်ပစ္စည်းများဖြစ်ပါကြောင်း၊ ဒီဇယ်ဆီသည် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် အဓိကအသုံးပြုရသဖြင့် ဒီဇယ်ဈေးတက်လျှင် ပို့ဆောင်ခတက်၍ ကုန်ပစ္စည်းဈေးနှုန်းကို အနည်းနှင့်အများတက်စေပါကြောင်း၊ ခရီးသွားလာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများတွင်လည်း စရိတ်တက်လာမည်ဖြစ်ပါကြောင်း။

သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas(LNG))ကို အလုပ်ရုံ၊ စက်ရုံများတွင် အသုံးပြုသည့်အပြင် အိမ်သုံးဓာတ်ငွေ့ရည်လည်းဖြစ်သဖြင့် အရေးကြီးကုန်ပစ္စည်းဖြစ်ပါကြောင်း၊ အရှေ့အလယ်ပိုင်းပဋိပက္ခ အချိန်ကာလတွင် ကမ္ဘာ့ရေနံဈေးတက်နေသည့်အခြေအနေမှာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးသည့်အတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ကုန်ဈေးနှုန်းကိုထိန်းညှိပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ အခက်အခဲကို ဖြေလျှော့ပေးနိုင်မည်ဖြစ်၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တစ်လ ခွင့်ပြုနိုင်ရေးတို့အတွက် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူထောက်ခံပေးပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ယခုအခါ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ပြည်သူလူထု၏နေ့စဉ်လူနေမှုဘဝများ အဆင်ပြေချောမွေ့ရေးနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းတည်ငြိမ်မှုရှိရေး ဆက်လက်ထိန်းညှိပေးရန် လိုအပ်သည့်အတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အခွန်ကင်းလွတ်ခွင့်များကို ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့အတွက် ထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြုပေးနိုင်ရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

အခွန်ကင်းလွတ်ခွင့်ပြုရာတွင်လည်း ဘဏ္ဍာရေးတည်ငြိမ်မှုရှိစေရန်နှင့် အခွန်ဘဏ္ဍာငွေရရှိမှုအပေါ် သက်ရောက်မှုလျော့နည်းစေရန်အတွက် ပြည်သူလူထုအတွက် အရေးပေါ်ပံ့ပိုးဆောင်ရွက်ရန် လိုအပ်သည့်ကာလအတွက်သာ ခွင့်ပြုနိုင်ရေး စိစစ်သုံးသပ်၍ပြည်ထောင်စုလွှတ်တော်သို့တင်ပြဆောင်ရွက်ခြင်း ဖြစ်သကဲ့သို့ အခြေခံပြည်သူလူထုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ်တွင်သာ အခွန်ကင်းလွတ်ခွင့်ပြုနေခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့အတွက် သုံးလထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့် အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြု၍ရယူရာ ထောက်ခံမဲ ၅၂၃ မဲ၊ ကန့်ကွက်မဲသုံးမဲနှင့်ကြားနေမဲနှစ်မဲတို့ဖြစ်ရာ ထောက်ခံဆန္ဒမဲများသဖြင့် အတည်ဖြစ်ကြောင်းကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၇) ဦးဇင်မင်းထက် က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်များအတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်များအတိုင်းလည်းကောင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက်တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇူလိုင်လ ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -

# စံချိန်စံညွှန်းလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၆)နှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး(၁/၂၀၂၆)ကျင်းပ မြန်မာစံချိန်စံညွှန်း ၁၈၃ ခုအား ထပ်မံအတည်ပြု

**နေပြည်တော် ဇူလိုင် ၂၈**

စံချိန်စံညွှန်းလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၆) နှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး(၁/၂၀၂၆)ကို ဇူလိုင်လ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပပြီး မြန်မာစံချိန်စံညွှန်း ၁၈၃ ခုအား ထပ်မံအတည်ပြုသတ်မှတ်နိုင်ခဲ့သည်။

အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေးတွင် ယခင်ကော်မတီအစည်းအဝေး အတည်ပြု ဆုံးဖြတ်ချက်များနှင့်ဆောင်ရွက်ပြီးစီးမှု၊ မြန်မာစံချိန်စံညွှန်းရေးဆွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ပြီး မြန်မာစံချိန်စံညွှန်း နောက်ဆုံးမူကြမ်း ၁၈၃ ခု၊ ထုတ်ကုန်အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်း အဖွဲ့အစည်းများဆိုင်ရာ လိုအပ်ချက် စံချိန်စံညွှန်းဖြစ်သော MMS ISO/IEC 17065:2012 အသိပညာပေးသင်တန်းကိစ္စ၊ ပြည်တွင်း၊ ပြည်ပအရည်အသွေးထောက်ခံချက်ထုတ်ပေးလိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ Survey စစ်တမ်းကောက်ယူထားသည့် ဦးစားပေးကဏ္ဍများဆိုင်ရာ အချက်အလက်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဓာတ်ခွဲခန်း(ရန်ကုန်)အား ISO/IEC 17025 အသိအမှတ်ပြုလက်မှတ်ရ ဓာတ်ခွဲခန်းအဖြစ်သတ်မှတ်ခြင်း စသည်တို့ကိုညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး စံချိန်စံညွှန်းလုပ်ငန်းကော်မတီအစည်းအဝေးတွင်သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့်စံချိန်စံညွှန်းနှင့်အရည်အသွေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ အတည်ပြုချက်ရယူမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး ကော်မတီဝင်များက အဆိုပြုတင်ပြထားသည့် စံချိန်စံညွှန်းများ၊ ရေးဆွဲလျက်ရှိသော မြန်မာစံချိန်စံညွှန်းမူကြမ်းများနှင့် မြန်မာစံချိန်စံညွှန်းမူကြမ်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြကြရာ စံချိန်စံညွှန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကောင်စီဝင်များနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ကရင်ပြည်နယ်၏ ပထမဦးဆုံး EV Charging Hub(1)၊ Hub(2) ဖွင့်လှစ်



**ဘားအံ ဇူလိုင် ၂၈**

မော်တော်ယာဉ်များမှတစ်ဆင့် ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချရန်နှင့် သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုကိုမြှင့်တင်နိုင်ရန် ဒေသတွင်းလျှပ်စစ်ယာဉ်(EV)များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြပြီဖြစ်ရာ ကရင်ပြည်နယ်၏ ပထမဦးဆုံး EV Charging Hub (1) နှင့် Hub(2) ကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့၌ စတင်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

အဆိုပါ Charging Station များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၆၅ ဒသမ ၄၇ သန်းဖြင့် Level-3 အဆင့်ရှိ 60 KW Charger ၅ လုံး၊ 400 KVA ထရန်စဖော်မာတစ်လုံးတပ်ဆင်ထားပြီး လျှပ်စစ်ယာဉ်(EV) ၁၀ စီး တစ်ပြိုင်တည်းအားသွင်းနိုင်သည့် Hpa-an EV Charging Hub(1) နှင့် Level-3 အဆင့်ရှိ 60 KW Charger ၄ လုံး၊ 400 KVA ထရန်စဖော်မာတစ်လုံးတပ်ဆင်ထားပြီး လျှပ်စစ်ယာဉ်(EV) ၈ စီး တစ်ပြိုင်တည်း အားသွင်းနိုင်မည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကိုဘားအံမြို့ လှာကမြင်ကွက်သစ် လှာကမြင်ပန်းခြံရှေ့၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး Hpa-an EV Charging Hub(1) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက်၌ကျင်းပသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး အသိပညာပေးစင်တာနှင့် RCC နှစ်ထပ် သိုလှောင်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Ms.Ma Jia တို့နှင့်အတူ အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားကာ တရုတ်နိုင်ငံ သံအမတ်ကြီးက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို ရှင်းလင်းပြောကြား၍ ဒုတိယဝန်ကြီးက တရုတ်နိုင်ငံ သံအမတ်ကြီးထံ အဆောက်အအုံဆိုင်ရာအချက်အလက်များလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့တွင် ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲများကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒိုင်းဆုရရှိသော ဟိုပုံးတပ်နယ်ကိုယ်စားပြုအသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဒိုင်းဆုရရှိသော မိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ဟိုပုံးတပ်နယ်ကိုယ်စားပြုအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ရွေးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၂၂ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အလားတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ရွေးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၁၇ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# မြေပဲလျှာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်

**ကန့်ဘလူ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရေးအတွက် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီအတွင်း တောင်သူများ၏လယ်ယာမြေများတွင် မြေပဲ ၆၁၁၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကာ လျာထားဧကထက် ဧက ၉၆၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြေပဲသီးနှံစိုက်ခင်းများ စနစ်တကျစိုက်ပျိုးနိုင်ရေး ဒေသနှင့်ကိုက်ညီသည့် မြေပဲမျိုးများရွေးချယ်စိုက်ပျိုးနိုင်ရေး သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲနိုင်ရေးနှင့်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများနှင့်ပူးပေါင်း၍ နည်းပညာများကူညီပံ့ပိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် သွင်းအားစုများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကန့်ဘလူမြို့နယ်၌ မိုးရာသီဆီထွက်သီးနှံမြေပဲကို ၅၁၅၆၆ ဧကလျာထားစိုက်ပျိုးရာ ၆၁၁၉၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက်၉၆၃၁ ဧကပိုမိုစိုက်ပျိုးနိုင်ကြောင်းနှင့် ဆီထွက်သီးနှံ မြေပဲအပြင် နှမ်း၊ နေကြာတို့ကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်းမရှိပါဘူး။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**❖ စက်ပစ္စည်းများကိုထုတ်လုပ်ရာတွင် လက်ရာသေသပ်ကောင်းမွန်ပြီး ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်၊ ရေနွေးငွေ့စက်ခေါင်းများအား မူလပုံစံမပျက် ပြန်လည်ပြင်ဆင်ထိန်းသိမ်း၍ ပြေးဆွဲပေးနိုင်ရေးဆောင်ရွက်သွားရန်လို . . .**

**❖ ရထားပို့ဆောင်ရေးသည် လူအများအပြားအသုံးပြုကြသည်ဖြစ်သဖြင့် ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန်များ တိကျမှန်ကန်မှုရှိစေရေး စနစ်တကျဆောင်ရွက် . . .**

**❖ နောင်အနာဂတ်ကာလတွင် လျှပ်စစ်ဓာတ်အားအသုံးပြု၍ ရထားတွဲများပြေးဆွဲနိုင်ရေးအတွက်လည်း ကြိုတင်လျာထားဆောင်ရွက်သွားရန်လို၊ ပြည်ပမှရထားတွဲတည်ဆောက်မှုနည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိတို့နိုင်ငံ၏ ရထားတွဲတည်ဆောက်မှုများ ပိုမိုတိုးတက်လာစေရေးဆောင်ရွက် . . .**

**⊃ ကျောဖုံးမှအဆက်**

ပြည်ပနိုင်ငံများသို့ ဘာသာရပ်များအလိုက် လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားအသုံးပြု မီးရထားစက်ခေါင်းများထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ BEL စက်ခေါင်းများ ထုတ်လုပ်၍ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ကုန်ရထား ၃ စင်း၊ ရန်ကုန်မြို့ပတ်လမ်းတွင် လူစီးရထား ၃ စင်းပြေးဆွဲဆောင်ရွက်လျက်ရှိမှု၊ RBE မှ BEMU ပြောင်းလဲခြင်းများ ဆောင်ရွက်၍ ပဲခူး-တောင်ငူနှင့် တောင်ငူ-နေပြည်တော် လမ်းပိုင်းတို့တွင် ပြေးဆွဲလျက်ရှိမှု၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် အချက်ပြလုပ်ငန်းများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ခရီးသည်များ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ လမ်းပိုင်းများအလိုက် ရထားခရီးစဉ်များ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ မီးရထားစက်ခေါင်းများ တွဲများကြံ့ခိုင်မှုရှိစေရေး၊ စက်ရုံများ၊ ယာဒ်ဝင်းများအလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှု၊ လက်ရှိတာဝန်ယူပြေးဆွဲလျက်ရှိသည့် ရထားများ၏အခြေအနေ၊ ဒီဇယ်စက်ခေါင်းများ၊ DEMU စက်ခေါင်းများပြေးဆွဲမှု၊ ရပ်နားမှုနှင့်မွမ်းမံပြုပြင်မှုအခြေအနေ၊ ချွတ်ယွင်းချက်များအပေါ် စိစစ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်တွင်း၌ အရည်အသွေးပိုမိုကောင်းမွန်သည့် မီးရထားစက်ခေါင်းများအားထုတ်လုပ်အသုံးပြုနိုင်ရေး အမြဲသုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း၊ စက်ပစ္စည်းများကို ထုတ်လုပ်ရာတွင် လက်ရာသေသပ်ကောင်းမွန်ပြီး ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားဝန်ထမ်းများ အဆင့်မီမီနေထိုင်နိုင်ရေး ဝန်ထမ်းလိုင်းခန်းများအား စနစ်တကျဆောက်လုပ်ပေးသွားရန်လိုကြောင်း၊ **တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ထားသည့်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ ရေနွေးငွေ့စက်ခေါင်းများအား မူလပုံစံမပျက် ပြန်လည်ပြင်ဆင်ထိန်းသိမ်း၍ ပြေးဆွဲပေးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းများကြံ့ခိုင်ကောင်းမွန်စေရေးအတွက် လမ်းခင်းကျောက်များ ပြည့်မီအောင် ထည့်သွင်းဆောင်ရွက်ရန်နှင့် ဇလီဖားတုံးများကိုလည်း စနစ်တကျထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားပြေးဆွဲနိုင်ခြင်းမရှိသေးသည့်ရထားလမ်းများကိုလည်း ရထားများပြန်လည်ပြေးဆွဲမည်ဆိုပါက အဆင်သင့်ဖြစ်နေစေရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားစက်ခေါင်းများအား သတ်မှတ်ထားသည့် မောင်းနှင်ချိန်များအလိုက် စစ်ဆေးပြုပြင်ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးသည် လူအများအပြားအသုံးပြုကြသည်ဖြစ်သဖြင့် ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန်များ တိကျမှန်ကန်မှုရှိစေရေး စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ **လူစီးရထားတွဲများအား အမြဲသန့်ရှင်းသပ်ရပ်မှုရှိနေစေရေးနှင့် ခရီးသည်များ စည်းကမ်းရှိရှိ စီးနင်းလိုက်ပါနိုင်ရေး၊ အဆင့်မီမီသက်သောင့်သက်သာစီးနင်းအသုံးပြုနိုင်ရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**ကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရထားပို့ဆောင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးမှာကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအခြေအနေအရ လျှပ်စစ်ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသဖြင့် ရထားပို့ဆောင်ရေးအား အချို့လမ်းကြောင်းများတွင် ဘက်ထရီစနစ်သုံးရထားခေါင်းတွဲများကို ပြည်တွင်း၌ထုတ်လုပ်တပ်ဆင်ကာ အသုံးပြုနိုင်ရေးအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ **အသွားအလာများပြားသည့် ရထားလမ်းကူးနေရာများ၌ ရထားလမ်းခုံးကျော်တံတားများ မဖြစ်မနေတည်ဆောက်သွားရန်နှင့် ရန်ကုန်မြို့တွင် မြေအောက်ရထားလမ်းထည့်သွင်းတည်ဆောက်သွားနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရန်လို**ကြောင်း၊ ရထားလမ်းများဖောက်လုပ်ခြင်း၊ ရထားတွဲများတည်ဆောက်ခြင်းနှင့် ရထားပို့ဆောင်ရေးဆိုင်ရာ **စာမျက်နှာ ၆ သို့ ⊃**

➲ စာမျက်နှာ ၅ မှအဆက်

အခြေခံအဆောက်အဦများ ဆောင်ရွက်ရာတွင် နောင်ဖြစ်လာမည့်နည်းပညာပိုင်းအရ လိုအပ်ချက်များကို ကြိုတင်စဉ်းစားလျာထားတွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်အနာဂတ်ကာလတွင် လျှပ်စစ်ဓာတ်အားအသုံးပြု၍ ရထားတွဲများ ပြေးဆွဲနိုင်ရေးအတွက်လည်း ကြိုတင်လျာထားဆောင်ရွက်သွားရန်လိုကြောင်း၊ DEMU ရထားတွဲများကိုလည်း ပြည်တွင်း၌ မိမိတို့ကိုယ်ပိုင်ဒီဇိုင်းဖြင့် တိုးချဲ့တပ်ဆင်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပမှရထားတွဲတည်ဆောက်မှုနည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိတို့နိုင်ငံ၏ရထားတွဲတည်ဆောက်မှုများ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားလမ်းကူးတံတားများ ကောင်းမွန်စေရေးအတွက်လည်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)အတွင်း ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိသည့် DEMU ရထားတွဲဆိုင်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

**မြဝတီ**

PPIB News

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏(၁/၂၀၂၆)ကြိမ်မြောက် စုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၈

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက်စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❖ **တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုနည်းပညာအသစ်များ၌ အလွယ်တကူ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာနိုင်စေရန် ခိုင်မာစိတ်ချရသောကျေးလက်ချေးငွေနှင့် ငွေရေးကြေးရေးစနစ်များ ဖွံ့ဖြိုးအားကောင်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ် . . .**

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ ဒုတိယဥက္ကဋ္ဌများ၊ ပညာရှင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပြီး စိုက်ပျိုးမွေးမြူသူများ၏အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိအောင်ကာကွယ်ပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ အဓိက လိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းနှင့် အရင်းအနှီးရရှိရေး ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သွင်းအားစုများဖြစ်သော အရည်အသွေးကောင်းမျိုးစေ့၊ မျိုး၊ ပျိုးပင်၊ သားပေါက်များ အသုံးပြုနိုင်စေရန်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ရေအရင်းအမြစ်၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေးဝါး စသည်တို့နှင့် လိုအပ်သောနည်းပညာများကို တောင်သူလယ်သမားများ လက်လှမ်းမီရရှိနိုင်စေရေးနှင့် အရင်းအနှီးများစွာမတတ်နိုင်သည့် လုပ်ကွက်ငယ်တောင်သူများအတွက် သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေရရှိရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တောင်သူတိုင်းက ဈေးကွက်ကို လက်လှမ်းမီစေရန် ပြည်တွင်း၊ ပြည်ပဈေးကွက်ဆိုင်ရာ သတင်းအချက်အလက် ဗဟုသုတများ၊ ခေတ်မီသတင်းအချက်အလက် နည်းပညာများဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဈေးကွက်ကို လက်လှမ်းမမီနိုင်သည့် လုပ်ကွက်ငယ်တောင်သူများအတွက် တောင်သူအစုအဖွဲ့များနှင့် စုပေါင်းရောင်းချ၊ ဝယ်ယူ၊ လုပ်ကိုင်တတ်စေရေး ကူညီပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်ကာလနှင့် လိုက်လျောညီထွေရှိသည့် ပမာဏအတိုင်း တိုးမြှင့်ထုတ်ချေးပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စပါးနှင့်ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သောဓာတ်မြေဩဇာကို သီးနှံပေါ်ချိန်တွင် ခုနှိမ်ပေးဆပ်စေသောစနစ်ဖြင့် တောင်သူများအား ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်စိုက်ပျိုးမွေးမြူထုတ်လုပ်မှုနည်းပညာအသစ်များ၌ အလွယ်တကူရင်းနှီးမြှုပ်နှံလုပ်ကိုင်လာနိုင်စေရန် ခိုင်မာစိတ်ချရသောကျေးလက်ချေးငွေနှင့်ငွေရေးကြေးရေးစနစ်များ ဖွံ့ဖြိုးအားကောင်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒေသတွင်းနိုင်ငံအဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံ(ASEAN)၊ ဘင်းမ်စတက်(BIMSTEC)နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ(GMS)က လွှင့်တင်ထားသည့်ဈေးကွက်နှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ အခါအားလျော်စွာထုတ်ပြန်သောကုန်သွယ်မှုမူဝါဒများကို သက်ဆိုင်ရာအဖွဲ့ဝင်များအနေဖြင့် ကြိုတင်သိရှိနိုင်အောင်လေ့လာပြီး မိမိတို့တောင်သူလယ်သမားများ ထုတ်ကုန်ထွက်ရှိချိန် ရောက်မှကြီးမားသည့်ဈေးကွက်အပြောင်းအလဲများကြောင့် ဆုံးရှုံးနစ်နာမှုမဖြစ်ရအောင် သတိပေးဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများတွင် မြေသယံဇာတ၊ ရေသယံဇာတများ ကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်၍ ယင်းတို့ကို အကျိုးအရှိဆုံးအသုံးပြုပြီး ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲလာသော စားရေရိက္ခာစနစ်များနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုစနစ်များကို လိုက်ပါပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စားရေရိက္ခာဖူလုံခြင်းသာမက အာဟာရမျှတပြည့်စုံခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရုံသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်စေခြင်းတို့အတွက် လိုအပ်သောမူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ထုတ်ပြန်ထားပြီးသည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းတာဝန်များကိုလည်း အလေးထားလိုက်နာ၍ တိုးတက်မှုရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်အဖွဲ့အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့များနှင့် လုပ်ငန်းတာဝန်များ ဖွဲ့စည်းသတ်မှတ်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကိုဆွေးနွေးအကြံပြုတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **မြဝတီ**

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လက်ခံတွေ့ဆုံ


နေပြည်တော် ဇူလိုင် ၂၈

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ သာသနာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘာသာရေးကိုအခြေပြု၍ ခရီးသွားလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ရေး၊စီးပွားရေး၊ကုန်သွယ်ရေး၊သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များတွင် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေး၊ ဘာသာရေးကိုအခြေပြုသော ခရီးသွားလုပ်ငန်း (Religious Tourism)ကို တိုးတက်အောင် ဆောင်ရွက်ရေး၊ ပန်ဂျပ် (Punjab)ပြည်နယ် ရှေးဟောင်းတက္ကသိုလ်မြို့သို့ လာရောက်လေ့လာရေး၊ နှစ်နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းနှင့် အခြားသောစီးပွားရေးလုပ်ငန်းများကိုခရီးသွားလုပ်ငန်းနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး၊ ပါကစ္စတန်နိုင်ငံမှ ပြည်ဝင်ခွင့်ဗီဇာနှင့် အခြားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်မှု၊ နှစ်နိုင်ငံချစ်ကြည်ရေး ကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တံတားဖြတ်သန်းသွားလာခွင့်ပြုပေးနိုင်ရေး၊ ပယ်ဖျက်ခဲ့သောဥပဒေများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဥပဒေပြန်လည်ပြဋ္ဌာန်းပေးနိုင်ရေး၊ မြေငှားဂရန်ခွင့်ပြုမိန့်ရရှိရေး၊ မီးသတ်စခန်းနှင့်ဆေးကုဆောင်တည်ဆောက်ပေးနိုင်ရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အလယ်တန်းနှင့် အထက်တန်းအဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၈ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သီပေါမဲဆန္ဒနယ်မှဦးကောင်းသက်စံ၏ **သီပေါတံတားအား မည်သို့မည်ပုံ စည်းစနစ်ဖြင့် ဒေသခံပြည်သူများ၊ ဒေသတွင်း ကား၊ ဒေသအတွင်းကုန်စည်စီးဆင်းဖြတ်သန်းသွားလာခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက သီပေါမြို့နယ်သည် ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၌ တည်ရှိပြီး အကျယ်အဝန်းမှာ ၂၀၄၅ ဒသမ ၀၂ စတုရန်းမိုင်ကျယ်ဝန်းပါကြောင်း၊ သီပေါမြို့နယ်အတွင်း၌ မြို့ပေါ်ရပ်ကွက် (၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာပေါင်း ၄၇၆ ရွာရှိပြီး လူဦးရေစုစုပေါင်း ၁၅၄၆၆၃ ဦး နေထိုင်လျက်ရှိပါကြောင်း၊ သီပေါတံတားသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင်တည်ရှိပြီး သီပေါမြို့၊ ပန်းတိမ်တောင်ရပ်ကွက်နှင့် ပန်စောက်မိန်းကျေးရွာအုပ်စုကြား မိုင် ၁၃၀/၃ - ၁၃၀/၄ အတွင်း ဒုဋ္ဌဝတီမြစ်ပေါ်တွင်တည်ဆောက်ထားခြင်းဖြစ်ကာ တံတားအရှည်မှာ ၅၆၉ ပေ၊ တံတားအကျယ်မှာယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်း ၅ ပေရှိပါကြောင်း။

၂၀၂၄ ခုနှစ်ဩဂုတ်လ ၁၀ ရက်မှစတင်၍ MNDAA၊ TNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် မိမိတို့လုံခြုံရေးတပ်ဖွဲ့များသည် ယာယီဆုတ်ခွာခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့အား တပ်မတော်စစ်ကြောင်းများမှ ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် တိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၈-၁၀-၂၀၂၅ ရက်တွင် နယ်မြေစိုးမိုးမှုပြန်လည်ရရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ သီပေါမြို့နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

သီပေါတံတားသည် ငြိမ်းချမ်းစဉ်က နွေ၊ မိုး၊ ဆောင်းသွားလာနိုင်သော်လည်း လက်ရှိလုံခြုံရေးအခြေအနေများအရ သီပေါမြို့ပေါ်(၁၁)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၉)အုပ်စုတွင်သာ နယ်မြေစိုးမိုးမှုရရှိပြီး MNDAA၊ TNLA နှင့် PDF အမည်ခံအကြမ်းဖက်အုပ်စုများမှ အလုံးစုံဆုတ်ခွာသွားခြင်းမဟုတ်ဘဲ သီပေါတံတားအရှေ့ဘက်ခြမ်းနှင့် ကျန်ကျေးရွာအုပ်စုများတွင် အခြေပြုလှုပ်ရှားသွားလာလျက်ရှိသဖြင့် လုံခြုံရေးအခြေအနေများအရ သီပေါတံတားအား ယာယီပိတ်ထားရခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက်စီးပွားရေး၊ လူမှုရေး ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ဒေသတွင်းတည်ငြိမ်ရေးကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တပ်မတော်အပါအဝင် လုံခြုံရေးအဖွဲ့အစည်းများက လက်ရှိတွင် ဒေသတွင်းတည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် လုံခြုံရေးကောင်းမွန်စိတ်ချရသည့် နမ့်လန်-ကျောက်ဂူ-ရပ်စောက်လမ်းမှ သွားလာနိုင်ပါကြောင်း ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှဦးစောမောင်၏ **ပယ်ဖျက်ခဲ့သော ဥပဒေ(၅)ချက်ကို မူလဥပဒေများအတိုင်း ပြန်လည်အတည်ပြုပေးရန်နှင့် မူးယစ်ဆေးများပပျောက်သွားရန် မူလအတိုင်း ပြင်းထန်စွာအရေးယူခြင်းဥပဒေအား ပြန်လည်ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရုပ်သိမ်းခဲ့ပြီးဖြစ်သော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေတို့သည် ပြစ်မှုကျူးလွန်သူများကို လက်ရှိအရေးယူဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေများဖြင့် ပြစ်ဒဏ်များချမှတ်နိုင်ရန် လုံလောက်မှုရှိပါသောကြောင့် ပြန်လည်ပြဋ္ဌာန်းရန်မလိုအပ်ပါကြောင်း၊ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအခန်း(၉)အား စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသောကြောင့် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန်မလိုအပ်ပါကြောင်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေအခန်း(၄) တားမြစ်ချက်များအား ၃-၂-၂၀၂၆ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသောကြောင့် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန်မလိုအပ်ပါကြောင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေသည် ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာများဆိုင်ရာ အထူးအစည်းအဝေး အကြံပြုချက်များနှင့်အညီ ၃၁-၁၂-၂၀၂၅ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသောကြောင့် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန်လိုအပ်ခြင်းမရှိပါကြောင်းနှင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၈ နှင့် ၁၅၈၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀ (က)၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀(က)တို့အရ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများတင်သွင်းခွင့်ရှိပါကြောင်း ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်တွင် မြေငှားဂရန်ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်မည့်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက အင်းစိန်မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်အတွင်း တည်ရှိပြီး ရပ်ကွက် ၂၁ ရပ်ကွက်၊ အိမ်ခြေ ၄၇၀၅၅ လုံး၊ အိမ်ထောင်စု ၆၃၃၇၈ စု၊ လူဦးရေစုစုပေါင်း ၂၇၃၉၅၇ ဦး နေထိုင်လျက်ရှိပါကြောင်း၊ အင်းစိန်မြို့နယ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းပါဝင်ပါသောကြောင့် မြေငှားဂရန်ထုတ်ပေးခြင်းအား သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေများအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့မြေအတွင်း လူနေထိုင်သည့် မြေဧရိယာ ၂၅၀၃ ဧကအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လက်ဝယ်ထားရှိပိုင်ခွင့်ရှိသော မြေ/ မြေပိုင်မြေ ဟုတ်/မဟုတ်၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ ဟုတ်/မဟုတ်နှင့် နိုင်ငံခြားသားပိုင်မြေ ဟုတ်/မဟုတ် အစရှိသည့် ပိုင်ဆိုင်မှုမှတ်တမ်းများကို စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြေပိုင်ဆိုင်မှုမှတ်တမ်းများ စိစစ်ဆောင်ရွက်ပြီး မြေအမျိုးအစားအလိုက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံပိုင်ခွင့်ရှိသောမြေဖြစ်ပါက ဥပဒေနှင့်အညီ မြေငှားဂရန်စိစစ်ထုတ်ပေးသွားရန်နှင့် အခြားဝန်ကြီးဌာနများမှ စီမံခန့်ခွဲခွင့်ရှိသောမြေဖြစ်ပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ နိုင်ငံခြားသားပိုင်မြေကို ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့သို့ အမွေဆက်ခံခွင့်ရရှိရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အလို့ငှာလျှောက်ထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ အင်းစိန်မြို့နယ်၊ ရပ်ကွက်(၂၁) ရပ်ကွက်တွင် နေထိုင်ကြသောပြည်သူများအတွက် မြေငှားဂရန်ချထားပေးရန်ကိစ္စနှင့်စပ်လျဉ်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့နယ်၊ နဘူးနှစ်ချားကျေးရွာတွင် မီးသတ်စခန်းတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နဘူးနှစ်ချားကျေးရွာသည်ကျေးရွာ ၅ ရွာပါဝင်သည့် နဘူးနှစ်ချားကျေးရွာအုပ်စုတွင်ပါဝင်ပြီး အိမ်ထောင်စု ၆၈၉၊ အိမ်ခြေ ၆၆၀၊ လူဦးရေစုစုပေါင်း ၄၁၄၂ ဦးရှိပါကြောင်း၊ နဘူးနှစ်ချားကျေးရွာသည် ကော့ကရိတ်မြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်၊ ကျုံဒိုးမြို့၏မြောက်ဘက် ၁၂ မိုင်ခန့်အကွာတွင်တည်ရှိပြီး တိုက်နယ်ဆေးရုံ၊ အခြေခံပညာ အထက်တန်းကျောင်း၊ စာတိုက်၊ ရုပ်မြင်သံကြားစက်ရုံနှင့်ခြေမြန်တပ်ရင်း ၃ ရင်းရှိသည့် လူနေထူထပ်သောကျေးရွာကြီးဖြစ်ပါကြောင်း၊ မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေမီးသတ်စခန်းဖွဲ့စည်းပုံခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း။

ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ နဘူးနှစ်ချားကျေးရွာတွင် နဘူးနယ်မြေမီးသတ်စခန်း ဖွင့်လှစ်နိုင်ရန်အတွက် ကျေးရွာသူ၊ ကျေးရွာသားများမှ နဘူးကျေးရွာကွင်းအမှတ် ၃၄/ခ တနင်စာတောင်ကွင်း၊ ဦးပိုင်အမှတ် ၂၁၊ ဥယျာဉ်မြေအမျိုးအစား သုည ဒသမ ၂၈ ဧကအား မီးသတ်ဦးစီးဌာနသို့ လှူဒါန်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နဘူးနယ်မြေမီးသတ်စခန်းအား ဖွဲ့စည်းပုံခွင့်ပြုပေးပြီးဖြစ်ပါ၍ နယ်မြေမီးသတ်စခန်း အဆောက်အဦဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းများအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ပညာအရည်အချင်းပိုမိုမြင့်မားလိုလျှင် မိခင်ဘာသာစကားဖြင့် ပြောင်းလဲသင်ယူနိုင်ခြင်း ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြန်မာနိုင်ငံ၏ပညာရေးစနစ်သည်မြန်မာဘာသာစကားကို အခြေခံထား၍သင်ကြားပြီး ဘာသာစကားတစ်မျိုးတည်းကို အသုံးပြုခြင်းမဟုတ်ဘဲ Bilingual Education ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ သဘောတရားများကို နားလည်တတ်မြောက်စေရန် မိခင်ဘာသာစကားဖြင့် တွဲဖက်ရှင်းလင်းသင်ကြားမှုကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်တန်းအဆင့်သိပ္ပံဘာသာရပ်များတွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော်လည်း စာသင်ခန်းအတွင်း သင်ကြားရာ၌ ကျောင်းသားများ သဘောတရားကို ပိုင်နိုင်စွာနားလည်စေရန် မိခင်ဘာသာစကား(မြန်မာစာ)ဖြင့် တွဲဖက်ရှင်းလင်းသင်ကြားနိုင်သည့်စနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း၊ မူလတန်းအဆင့်တွင် ကလေးများ၏ အခြေခံစာဖတ်စွမ်းရည်နှင့် အတွေးအခေါ်တည်ဆောက်နိုင်ရန် မိခင်ဘာသာစကားဖြင့် သင်ကြားပေးပြီး တိုင်းရင်းသားဘာသာစကားကိုလည်း သင်ကြားပေးပါကြောင်း၊ အလယ်တန်းအဆင့်တွင် မြန်မာစာနှင့်အင်္ဂလိပ်ဘာသာစကားတို့ကို အခြေခံကောင်းစေရန် စနစ်တကျသင်ကြားပေးပြီး အထက်တန်းနှင့် တက္ကသိုလ်အဆင့်တို့တွင် အင်္ဂလိပ်ဘာသာစကားကို ပိုမိုကျွမ်းကျင်စွာအသုံးပြုနိုင်ရန် လေ့ကျင့်ပေးရင်း ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများကို မြန်မာဘာသာဖြင့်ပါ တွဲဖက်ရှင်းလင်းပေးသည့်စနစ်ကို ကျင့်သုံးပါကြောင်း။

လက်ရှိအခြေခံပညာရေးစနစ်သည် လက်တွေ့ကျသောပညာရေးကဏ္ဍပြန်လည်သုံးသပ်ရေးလုပ်ငန်းများ၏ဆန်းစစ်တွေ့ရှိချက်များကိုအခြေခံ၍ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားသင်ယူမှုနည်းလမ်းများ၊ စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ထားခြင်းဖြစ်၍ မိခင်ဘာသာစကားတစ်မျိုးတည်းဖြင့်သင်ကြားနိုင်ရေး ဆောင်ရွက်ရန် မသင့်ပါကြောင်း။

**စာမျက်နှာ ၈ သို့** ❍

❍ **စာမျက်နှာ ၇ မှအဆက်**

ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာဘာသာရပ်များကို ပိုမိုထိရောက်စွာ သင်ကြားသင်ယူနိုင်စေရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ပြဋ္ဌာန်းစာအုပ်များကို ရည်ညွှန်းအသုံးပြုသော်လည်း သင်ကြားသင်ယူမှုများတွင် Bilingual ဘာသာစကားနှစ်မျိုးဖြင့် သင်ကြားပို့ချဆောင်ရွက်လျက်ရှိပါကြောင်းနှင့်အဆင့်မြင့်ပညာပိုမိုမြင့်မားလိုလျှင်မိခင်ဘာသာစကားတစ်မျိုးတည်းဖြင့် ပြောင်းလဲသင်ကြားရန်မသင့်လျော်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းဌေး၏ **ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ကြားနိုင်ရေးအတွက် ဥပဒေနှင့်အညီ အဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊ မည်သည့်ခွဲခြားမှုမျှ မရှိစေရေးနှင့် ကျောင်းထွက်သူမရှိစေရေးတို့ကို မူဝါဒများအရ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအဖြစ် အသစ်ထပ်မံဖွင့်လှစ်ခြင်းမပြုတော့ဘဲ ယခင်ဖွင့်လှစ်ထားသည့်အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၈၈ ကျောင်းကို ဆက်လက်ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုအလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၈၃ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့်စပ်လျဉ်း၍ ၁၉၉၆ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၁/၉၆) အစည်းအဝေးတွင် "ဘုန်းတော်ကြီးသင်ကျောင်းများတွင် အလယ်တန်းပညာသင်ကြားခြင်းကို ခွင့်မပြုရန်" ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် သာသနာရေးဝန်ကြီးဌာန၏အုပ်ချုပ်မှုအောက်တွင်ရှိသော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူခွင့်မဆုံးရှုံးစေရေး၊ ပညာဆက်လက်သင်ယူခွင့်ရရှိစေရေးအတွက် အခမဲ့ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၇၆ ကျောင်းကို မူလတန်းအဆင့်မှ မူလတန်းလွန်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် (၂၀၂၆ ခုနှစ် ဇူလိုင်လစာရင်းအရ) တွဲဖက်အထက်တန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှစ်ကျောင်း၊ အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၈၃ ကျောင်း၊ မူလတန်းလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၁၆ ကျောင်းနှင့် မူလတန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၅၂ ကျောင်း စုစုပေါင်း ၁၃၆၃ ကျောင်းဖွင့်လှစ်ထားရှိပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၉၄၈၉၁ ဦး၊ ဆရာ၊ ဆရာမ စုစုပေါင်း ၁၀၁၉၇ ဦး တို့ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့ လတ်တလော တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အတန်းအဆင့်အလိုက် ပြီးမြောက်အောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နီးစပ်ရာအခြေခံပညာကျောင်းများသို့ ကူးပြောင်းတက်ရောက်ပညာသင်ကြားနိုင်ပါကြောင်း ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းခုတင်(၁၀၀)ဆံ့ ဆေးရုံအား ခုတင်(၂၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ကချင်ပြည်နယ် မိုးညှင်းမြို့တွင် လူဦးရေ ၃၀၀၀၉၃ ဦးရှိပြီး ခုတင်(၁၀၀) ဆံ့ မိုးညှင်းပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံခြောက်ရုံ၊ မိခင်ကလေးကျန်းမာရေးဌာန၊ တိုက်နယ်နှင့်ကျေးလက်ကျန်းမာရေးဌာနခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၉ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့ ခုတင်(၁၀၀)ဆံ့ဆေးရုံ၏ တစ်နေ့ပျမ်းမျှ အတွင်းလူနာဦးရေ ၅၄ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၅၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အတွင်းလူနာဦးရေမှာ ခွင့်ပြုခုတင်အရေအတွက်ထက် စဉ်ဆက်မပြတ်ကျော်လွန်နေမှသာ ခုတင်အဆင့်မြှင့်တင်ခြင်းကို ဦးစားပေးဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ခုတင် (၂၀၀) သို့ အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးပါကြောင်း။

မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်တစ်ဦးနှင့်အထူးကုဆရာဝန်များအနေဖြင့် (ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ သွားကျန်းမာ၊ အရိုး) တို့အား ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ လက်ထောက်ဆရာဝန်နှစ်ဦးကို ၁၅-၇-၂၀၂၆ ရက်က ထပ်မံပြောင်းရွှေ့ခန့်ထားပေးခဲ့ပြီး လက်ထောက်ဆရာဝန်အထူးကု (ဆေးပညာနှင့်မေ့ဆေး)တို့ကို ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ ခွဲစိတ်ဆရာဝန်အနေဖြင့်လည်း အကြီးစားခွဲစိတ်မှုများကို နိုင်နင်းစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိသော အထူးကုဆရာဝန်များကို ခန့်ထားနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာန၏ လူ့စွမ်းအားမွေးထုတ်နိုင်မှုအပေါ်မူတည်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထပ်မံခန့်ထားသော သစ်လွင်သူနာပြုခြောက်ဦးသည်လည်း ၂၂-၆-၂၀၂၆ ရက်မှစ၍ စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့တွင် တိုင်းရင်းသမားတော်ဆေးကုသဆောင် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် တိုင်းရင်းဆေးရုံတည်ဆောက်ရန်အတွက် လယ်မြေဧက ၁ ဒသမ ၉၆ အား မြို့မိမြို့ဖများထံမှ လှူဒါန်းရရှိခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန အမည်ပေါက်ပြောင်းလဲနိုင်ရေးနှင့် လယ်ယာမြေမှအခြားနည်းလမ်းအသုံးပြုခွင့်အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနသို့ လျှောက်ထားဆဲဖြစ်ပါကြောင်း။

ရွှေတောင်မြို့နယ်တွင် မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးခန်းတစ်ခန်းဖွင့်လှစ်ထားရှိပြီး ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နေ့စဉ်ပျမ်းမျှလူနာ ၁၅ ဦးခန့်လာရောက်၍ ကုသမှုခံယူနေပါကြောင်း၊ ရွှေတောင်မြို့သည် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံရှိသည့် ပြည်မြို့နှင့် ၉ မိုင်ခန့်သာ ကွာဝေးပြီး ရာသီမရွေး ရထားလမ်း၊ ကားလမ်းများဖြင့် အချိန်မိနစ်၂၀ အတွင်း သွားရောက်နိုင်ပါသဖြင့် လတ်တလောတွင် ရွှေတောင်မြို့၌ တိုင်းရင်းဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ဇူလိုင်လ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မူလအခြေအနေထက် အစစအရာရာ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် မူဝါဒချမှတ်ထား



ဟားခါး ဇူလိုင် ၂၈

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် အစစအရာရာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် မူဝါဒချမှတ်ထားကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် ခက်ခဲသိမ်မွေ့သည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတော်က ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးအတွက် ရန်ပုံငွေများခွဲဝေချထားခဲ့ပြီး နောက်ထပ်လိုအပ်သည်များကိုလည်း ထပ်မံထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ချမှတ်ထားသည့်မူဝါဒအတိုင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း ပြည်နယ်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များနှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို လည်းကောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေးက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှု၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့်တွန်းဇံမြို့တို့တွင် နိုင်ငံ့ဝန်ထမ်းများ ရောက်ရှိတာဝန်ထမ်းဆောင်မှု ဒေသခံပြည်သူများပြန်လည်ဝင်ရောက်မှု၊ အခြေခံပညာကျောင်းများနှင့် ဆေးရုံများဖွင့်လှစ်နိုင်မှု၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးပစ္စည်းများ လက်ခံရရှိမှု၊ ဖြန့်ဝေမှု၊ ရန်ပုံငွေလက်ခံရရှိမှု၊ သုံးစွဲမှုနှင့်အဆောက်အအုံပျက်စီးမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဦးဇေဇင်ထွန်းနှင့် ကော်မတီဝင်များက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလျန်ခုပေါ်၊ လူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးပေါင်ဇလန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးကပ်တလွန်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးကျော်ဇောလင်းတို့က အကြံပြုဆွေးနွေးခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၁˚C |
| ရန်ကုန် | ၂၁˚C | / | ၃၁˚C |
| မန္တလေး | ၂၈˚C | / | ၃၈˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၈

ယနေ့နံနက် ၁၁ နာရီ ၁၄ မိနစ် ၁၅ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့ဘက် ၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပျဉ်းမနားမြို့၏မြောက်ဘက် ၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၀ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၀ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

# သံအမတ်ကြီး ဦးမောင်မောင်စိုး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၂၈

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်မောင်စိုးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၈ ရက် (အင်္ဂါနေ့)တွင် မင့်စ်မြို့ရှိ သမ္မတအိမ်တော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# တောင်ငူခရိုင် အထူးဒေသဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ငူ ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ်အတွင်း MSME လုပ်ငန်းများဖြစ်သည့် မြို့လှမြို့ရှိ ဝါးတူ၊ တစ်ရှူးစက္ကူလိပ်ထုတ်လုပ်နေမှု ဟော်လန်အာလူးမျိုး မျိုးထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ကြာဆံစက်အခြေအနေကိုလှည့်လည်ကြည့်ရှုအားပေးပြီး မြို့လှမြို့ ချောင်းမကြီးရပ်ကွက်ရှိ အသက် ၁၁၈ နှစ်ပြည့်ပြီးဖြစ်သည့် အဖွားဒေါ်ဖာတမာအား သွားရောက်တွေ့ဆုံဂါရဝပြုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စုရှိ စက္ကူထုတ်လုပ်မည့် စက်ရုံ၌ စက်ပစ္စည်းတပ်ဆင်နေမှုနှင့်တစ်ရက်တန် ၅၀ ကျ "ကျော်မိုးနိုင်မိသားစု" ဆန်စက်နှင့် အခြောက်ခံစက်လည်ပတ်နေမှုကိုလည်းကောင်း၊ တောင်ငူမြို့နယ် ကံရိုးကျေးရွာအုပ်စု၌ ဒေသတွင်းစားရေရိက္ခာဖူလုံစေရေး ကေတုမတီငါးမွေးမြူရေးကုန်ထုတ်သမဝါယမအသင်းမှ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန် စုစုပေါင်းကောင်ရေ နှစ်သိန်းကျော်နှင့် ဥစားဘဲကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ တောင်ငူမြို့ ထီးလှိုင်ရပ်ကွက်ရှိ "မုဒိတာ"မှိုနှင့် မှိုစားသောက်ကုန်လုပ်ငန်းကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် တောင်ညိုအုပ်စု မင်းရဲကုမ္ပဏီလီမိတက်မှ နှစ်ရှည်သီးနှံသရက်စိုက်ခင်းဧရိယာအတွင်း ရှိဘတ်စတာကော်ဖီ ၁၀ ဧကအောင်မြင်စွာစိုက်ပျိုးထားရှိမှုနှင့် ဖြူးမြို့ ထန်းကုန်းရပ်ကွက်ရှိ ကလေးအာဟာရမုန့် လုပ်ငန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဒေသခံနှစ်ရှည်သီးနှံစိုက်တောင်သူများထံ ရှိဘတ်စတာကော်ဖီပျိုးပင်များပေးအပ်ကာ မှိုနှင့်ပတ်သက်သည့် စားသုံးကုန်နှင့်လူသုံးကုန်ပစ္စည်း အမယ်သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၈

ယနေ့ည ၉ နာရီ ဝ၄ မိနစ် ၁၁ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၁၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖလမ်းမြို့၏ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၁ ဒီဂရီ၊ အနက် ၇၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၃(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

▼ ရှေ့ဖုံးမှအဆက်

ကမ်းခြေ ဟယ်လ်ဒီယာ(Haldia)မြို့၏ အနောက်တောင်ဘက်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၃ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(ဩရိသပြည်နယ်မြောက်ပိုင်း- အနောက်ဘင်္ဂလားပြည်နယ်) ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# (၂၈-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၀၄၈,၇၉၆.၀၃ | ၅,၆၂၃,၁၇၅.၁၃ | ၅၈,၂၈၉,၉၈၁.၇၉ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၃၀ သန်းအား CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ဓမ္မစကြာ အခါတော်နေ့

○ မုတ်သုံစောင်းကြိုး၊ လှုပ်ခတ်နှိုး၍
ရွှေမိုးငွေမိုး ရွာချေပြီ။

○ ရာသီသာစွ၊ သဘာဝမို့
လှပစိမ်းစို၊ မြရွက်ညိုတို့
မိုးကိုသောက်ချိုး၊ လေကကြိုးဖြင့်
ထိုးထိုးထောင်ထောင် ယိမ်းနွဲ့ညီ။

○ ပန်းစုံဖူးပွင့်၊ လှသဖြင့်လျှင်
သင့်နိုးရာရာ၊ ရွေးချယ်ပါ၍
မြတ်စွာဗုဒ္ဓ၊ ပူဇော်ကြမည့်
ဝါလဦးသို့ ရောက်ပြီတည့်။

○ မိဂဒါဝုန်၊ သားမျိုးစုံတို့
ခိုလှုံကြရာ၊ မြိုင်မဟာတွင်
မြတ်စွာဓမ္မ၊ ရှာဖွေကြသည့်
ပဉ္စဝဂ္ဂီ၊ အမည်နာမ
ကောဏ္ဍည ဝပ္ပ၊ ဘဒ္ဒိယနှင့်
မဟာနာမ် အဿဇိ၊ ငါးဦးရှိသည်
မျှော်ဘိ တရား အမြိုက်ဆေး။

○ မြတ်ဗုဒ္ဓသည်
တစ်ရာ့သုံးခု၊ ဥတုသာစွ
မြင့်မြတ်လှသည့်၊ လဝါဆိုပြည့်
စနေနေ့တွင်၊ ချမ်းမြေ့သာယာ
မိဂဒါ၌၊ မှန်စွာဟောပြ
ဓမ္မစကြာ၊ လင်းရောင်ဖြာသည့်
ဒေသနာထူး၊ တရားဦးကို
ကြည်နူးရွှင်ပျ၊ နာယူရသည့်
ပဉ္စဝဂ္ဂီ၊ ငါးဦးသည်ကား
စုံညီဉာဏ်လင်း၊ အမှောင်ခွင်း၍
လမင်းပမာ၊ တောက်ပလာသည်
လူ့ရွာကောင်းကျိုး အမြိုက်တည်း။

○ သော်တာရွှန်းစို
လဝါဆိုပြည့်၊ မြတ်သောနေ့တွင်
လှပေ့မာလာ၊ ကပ်လှူကာလျှင်
မှန်စွာပီသ၊ ရွတ်ဆိုကြ၍
ဓမ္မစကြာ၊ ဒေသနာကို
သဒ္ဓါမြတ်နိုး၊ လက်စုံမိုးကာ
ရှိခိုးပူဇော်ပါ၏ဘုရား။
သာသနာရောင်ဝါလင်းစေသား။ ။

သက်ဦးခင်

# မော်ကွန်းမှတ်တမ်းများသည် နိုင်ငံအတွက် အဖိုးထိုက်တန်၍ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းမှတ်တမ်းအထောက်အထားများဖြစ်သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းစောင့်ရှောက်



ရန်ကုန် ဇူလိုင် ၂၈

မော်ကွန်းမှတ်တမ်းများသည်နိုင်ငံအတွက် အဖိုးထိုက်တန်၍ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းမှတ်တမ်း အထောက်အထားများ ဖြစ်သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားရှိရန် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက ယနေ့နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၌ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြခန်းများကိုလှည့်လည်ကြည့်ရှုစဉ် ပြောကြားခဲ့သည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးသည်ရန်ကုန်ရုံးခွဲရှိ မော်ကွန်းပြခန်း၌ပြသထားသည့် ပြကွက်များ၊ မော်ကွန်းသိမ်းဆည်းခန်း၊ ရည်ညွှန်းစာဖတ်ခန်း၊ Digitization ဆောင်ရွက်သည့်အခန်း၊ မှတ်တမ်းမော်ကွန်းသိမ်းဆည်းခန်းများ၊ မိုက်ခရိုဖလင်ရိုက်ကူးရေးခန်းနှင့် Non–Paper သိမ်းဆည်းခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# တာချီလိတ်မြို့၌ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP/TBP) ထုတ်ပေးရေးလုပ်ငန်း အဆောက်အအုံသစ်ဖွင့်လှစ်



နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ဦးစီးမှူးရုံးနှင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP/TBP) ထုတ်ပေးရေးလုပ်ငန်းအဆောက်အအုံသစ်ကို နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလဆောင်ရွက်မှုအဖြစ် ယနေ့ဖွင့်လှစ်သည်။

ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် တာချီလိတ်မြို့ မြန်မာ–ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအနီးရှိ အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲတွင် တာချီလိတ်ခရိုင်ဦးစီးမှူးရုံးနှင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP/TBP) ထုတ်ပေးရေးလုပ်ငန်းအဆောက်အအုံတည်ဆောက်ပြီးစီးမှုမှတ်တမ်းကို United Home Builder ကုမ္ပဏီလီမိတက် တာဝန်ခံ ဦးကျော်လင်းက ပြည်နယ်ဦးစီးမှူး ဦးအောင်ဝင်းသိန်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့ပြင် အဆောက်အအုံနှင့်ပတ်သက်သည့် အခြားသောဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသည့်အလှူရှင်များကိုလည်း ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အဆောက်အအုံသစ်များကိုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး သတ်မှတ်နေရာ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အဖွဲ့ဝင်များ၊ ဌာနအကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌရုံးအဖွဲ့နှင့်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများထံ ပျိုးပင်များပေးအပ်ကာ အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုး၍ တက်ရောက်လာသူများက စိုက်ကွက်အလိုက်ပျိုးပင်များအား လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ထိုင်ဝမ်ဗာဒံ၊ ပိတောက်၊ ခရေ၊ သပြေ၊ ကံ့ကော်၊ ပန်းမဲဇလီ၊ သပြေဘူတ၊ ယမနေ စသည့် နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၃၂၆ ပင် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



# ကချင်ပြည်နယ်အတွင်း တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမ တစ်ထောင်ကျော်ခန့်အပ်ထား

မြစ်ကြီးနား ဇူလိုင် ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမ တစ်ထောင်ကျော်ခန့်အပ်ထားပြီး ဆက်လက်ခန့်အပ်နိုင်ရေး သင်တန်းပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ကျင်းပသည့် တိုင်းရင်းသားပုံပြပုံပြင်စာအုပ်ပေးအပ်ပွဲမှ သိရသည်။



ထို့ပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ဌာနမှထုတ်ဝေသည့် တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေထားသည့် တိုင်းရင်းသားပုံပြပုံပြင်စာအုပ်များကို ကချင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များထံ စာအုပ်ပေါင်းတစ်သိန်းကျော်ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေထားသည့်ပုံပြပုံပြင်စာအုပ် ၃၈၇၃၁ အုပ်ကိုယခုဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဖြန့်ဝေပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဝိုင်းဝန်းဖြန့်ဖြူးပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

စာအုပ်ပေးအပ်ပွဲတွင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ယခုဘဏ္ဍာရေးနှစ်အတွက် ပဉ္စမအကြိမ်မြောက်အဖြစ် ထုတ်ဝေခဲ့သည့် ဂျိန်းဖော ၈၅၇၇ အုပ်၊ လာချိဒ် ၃၀၇၁ အုပ်၊ လော်ဝေါ်စာအုပ် ၇၆၅၀၊ လီဆူ ၂၂၃၃ အုပ်၊ ရဝမ်စာအုပ် ၉၂၀၀၊ ဇိုင်းဝါးစာအုပ် ၁၂၀၀၊ တိုင်းလေစာအုပ် ၄၈၀၀ နှင့် တိုင်းခမ်းတီ စာအုပ် ၂၀၀၀၀ တို့ကို သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များမှခေါင်းဆောင်များထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၈-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော်   ဇူလိုင်   ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ကိုအခြေခံပြီး ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ တရားဝင်သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်မှာ ယခုနှစ်တွင် (၇၉) နှစ်ပြည့်မြောက်ပြီးဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးသော သံတမန်ဆက်ဆံရေးကို ရေရှည်တည်ဆောက်နိုင်ခဲ့သည်ဟုဆိုနိုင်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား ဆေးဝါးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍစသည်ဖြင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များသည် များပြားပါကြောင်း၊ ထို့ကြောင့် အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို သံတမန်အတွေ့အကြုံကြွယ်ဝသည့် သံအမတ်ကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလတွင် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် ကော်မတီ ၂၂ ခုဖွဲ့စည်းထားရှိပြီး အဆိုပါကော်မတီများထဲတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီပါဝင်ပါကြောင်း၊ အဆွေတော်တို့ ပါကစ္စတန်နိုင်ငံအောက်လွှတ်တော်သည် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် လွှတ်တော်ချင်းချစ်ကြည်ရေးအသင်းများ (Parliamentary Friendship Groups) များ ဖွဲ့စည်းထားရှိသည်ကို လေ့လာသိရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်နှင့် ပါကစ္စတန်လွှတ်တော်များအကြား လွှတ်တော်ချင်းချစ်ကြည်ရေးအသင်းများဖွဲ့စည်းခြင်းကိုလည်း သံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း၌ စတင်ဆောင်ရွက်လိုပါကြောင်း၊ ထိုမှတစ်ဆင့် လွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ အမျိုးသမီးနှင့် လူငယ်လွှတ်တော်ကိုယ်စားလှယ်များအကြား ဆွေးနွေးပွဲများပူးပေါင်းဆောင်ရွက်ရေးစသည်တို့ကို ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့လွှတ်တော်နှင့်ထိတွေ့ဆက်ဆံရန်အမြဲတံခါးဖွင့်ထားပါကြောင်း ပြောကြားသည်။

သံအမတ်ကြီးက ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံလွှတ်တော်ချစ်ကြည်ရေးအသင်းများဖွဲ့စည်းမည့်ကိစ္စအား အထူးထောက်ခံပါကြောင်း၊ နိုင်ငံတကာပါလီမန်များတွင်လည်း ထိုသို့ဆောင်ရွက်ကြပါကြောင်း၊ အစိုးရချင်းသာမက လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ခြင်းသည် အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံကြား ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လာစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားတွင်ကုန်သွယ်ရေး၊စီးပွားရေးနှင့်ယဉ်ကျေးမှုစသည့်ကဏ္ဍများတွင်ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်သွားလိုပါကြောင်း၊ Taxila မြို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များထွန်းကားသည့်ဒေသဖြစ်၍ ဗုဒ္ဓဘာသာမြန်မာပြည်သူများအနေဖြင့် လာရောက်လည်ပတ်ရန်ဖိတ်ခေါ်လိုပါကြောင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇနီ၊ ဒေါ်ဇာခြည်လွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ပါကစ္စတန်သံအမတ်ကြီးနှင့်အတူ ပါကစ္စတန်သံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



ဆရာတော်ထံ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော်   ဇူလိုင်   ၂၈

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အောင်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယကဆရာတော်အမှူးပြုသော သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# “တောင်တန်းမေတ္တာ လေညင်းသစ္စာ” မြန်မာ-တရုတ် Twin City မီဒီယာဖိုရမ်နှင့် ယဉ်ကျေးမှုဖလှယ်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန်   ဇူလိုင်   ၂၈

“တောင်တန်းမေတ္တာ လေညင်းသစ္စာ” မြန်မာ-တရုတ် Twin City မီဒီယာဖိုရမ်နှင့် ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပသည်။



ယူနန်ပြည်နယ်ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစု ညွှန်ကြားရေးမှူးချုပ် မစ္စတာရန့်ယွမ်ကျန်းက “တောင်တန်းမေတ္တာ လေညင်းသစ္စာ”ပေါက်ဖော်ချစ်ကြည်ရေးကို ဖော်ဆောင်မှုသည် ယခုနှစ်လှုပ်ရှားမှု၏ အဓိကအကြောင်းရင်းဖြစ်ပြီး ထိုစကားစုသည် ရှုမျှော်ခင်းကို ဆိုလိုရုံသာမက မြန်မာ-တရုတ်နှစ်နိုင်ငံ ပြည်သူတို့၏ ပေါက်ဖော်ချစ်ကြည်ရေးလည်း ဖြစ်ပါကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံသည် တောတောင်ရေမြေဆက်စပ်နေပြီး ကောင်းလီကုန့်တောင်တန်းမှသည် ရခိုင်ရိုးမအထိ၊ ရွှေလီမြစ်မှသည် ဧရာဝတီမြစ်အထိ ဖြတ်သန်းတိုက်ခတ်နေသောလေညင်းများက နှစ်နိုင်ငံအကြား အမြဲရှိနေသည့် ချစ်ခြင်းမေတ္တာကို လက်ဆင့်ကမ်းနေသည်သာဖြစ်ပါကြောင်း၊ တောင်တန်းများသည် မည်သည့်နေရာမှ စတင်သည်ကို မသိသော်လည်း အခက်အခဲများအား အတူတကွရင်ဆိုင်ဖြတ်သန်းခဲ့မှုကို မှတ်မိနေကြမည်ဖြစ်ပါကြောင်း၊ တောတောင်နှင့်ရေမြေဆက်နွယ်မှုအကြား နှစ်နိုင်ငံချစ်ကြည်ရေးသည်လည်း နက်ရှိုင်းသည့်ဆက်ဆံရေးအဖြစ် ထာဝရရှင်သန်နေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံမှူး Dr. Zheng Zhihong တို့က အမှာစကားပြောကြားခြင်း၊ ၂၀၂၅ ခုနှစ် Twin City Media ဖိုရမ်၏ ရလဒ် Video Clip ကို ပြသခြင်း၊ လန်ချန်း-မဲခေါင်ခြောက်နိုင်ငံပန်းချီပညာရှင်များအတွက် ပူးတွဲကျင်းပသည့် ၂၀၂၆ ခုနှစ် တောင်အာရှနှင့်အရှေ့တောင်အာရှ Media Alliance တွင်ဆုရရှိခဲ့သည့် မြန်မာပန်းချီပညာရှင် ကိုငွေဖြိုးက အတွေ့အကြုံများမျှဝေပြောကြားခြင်းနှင့် ရွှေလိပ်မင်းအိတ်ချိတ်အရုပ်ကလပ်မှ ဦးတင်ဇော်ခိုင်က အတွေ့အကြုံရှင်းလင်းပြောကြားခြင်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစု အယ်ဒီတာချုပ် ညွှန်ကြားရေးမှူးချုပ်တို့က ယူနန် ပြည်နယ်တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတကာပြန်ကြားရေးစင်တာ တစ်နှစ်တာမီဒီယာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို Digital နည်းဖြင့် လက်မှတ်ရေးထိုးခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ နှစ်နိုင်ငံ မီဒီယာပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များကို တာဝန်ရှိသူများက ခေါင်းလောင်းပြိုင်တူတီးကာ လက်မှတ်ရေးထိုးကြပြီး “သုခ အွန်လိုင်းအလုပ်ရုံ အာရှပန်းမန်”စီမံချက် အစီအစဉ်ကို ဖွင့်လှစ်ပေးကြသည်။

မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတည်ဆောက်ရေးတွေးခေါ်ဆွေးနွေးပွဲကို ကျင်းပရာ “တောင်တို့ကို စေတမန်ဖြင့် ပေါက်ဖော်တို့အတူ စကားဆိုကြမည်” ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် တာဝန်ရှိသူများက အရေးပေါ်ကိစ္စများတွင် မီဒီယာပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှု၊ နွေးထွေးသောသတင်းများကို ဖန်တီးထုတ်လုပ်မှု၊ မြန်မာနိုင်ငံအတွင်း တရုတ်ကုမ္ပဏီများ၏ လူမှုရေးတာဝန်ယူမှု၊ ယဉ်ကျေးမှုကွာခြားခြင်းကို အခြေခံလေးစားမှုဖြင့် စစ်မှန်သောရုပ်လုံးပေါ်သော နွေးထွေးသောအိမ်နီးချင်းနိုင်ငံပုံရိပ်ကို ပုံဖော်မှု၊ CMEC တည်ဆောက်မှုနှင့် ယူနန်ပြည်နယ်၏ ပါဝင်မှုအခန်းကဏ္ဍ၊ “မင်္ဂလာမျှော်လင့်ခြင်းလယ်ယာမြေ” စီမံကိန်းမှတစ်ဆင့် မြန်မာမီဒီယာများ၏ စိုက်ပျိုးရေးသတင်းရေးသားမှုအား လေ့လာခြင်းနှင့် သတင်းတင်ပြခြင်းမှ ပူးတွဲဖန်တီးခြင်း ယဉ်ကျေးမှုဖန်တီးမှုအတွေးအခေါ်၏ မြန်မာ-တရုတ် ပြန်ကြားရေးတွင် လက်တွေ့ကျင့်သုံးမှုလမ်းကြောင်းများ စသည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ-တရုတ် Twin City Media Forum စကားဝိုင်းကို ဆက်လက်ကျင်းပရာ လက်ရှိအခြေအနေတွင် “တရုတ်-မြန်မာမီဒီယာများအကြောင်းအရာတင်ပြမှုကို မည်သို့ဖန်တီးမည်နည်း” နှင့် “AI ခေတ်တွင် သတင်းတုသတင်းမှားများကို မည်သို့ရင်ဆိုင်ဖြေရှင်းမည်နည်း” ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# “၁၁၁” နှစ်ပြည့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး

(မဟာသဒ္ဓမ္မဇောတိကဓဇ)
ဦးအမ်းယုမောင်



**နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ပါး စုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကျင်းပ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကို ဇူလိုင်လ ၁၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။ အစည်းအဝေး မစတင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမိသားစုက လှူဒါန်းသည့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးနှင့် ဗုဒ္ဓဝါဆိုစဉ်စာ အလင်္ကာများစာအုပ်တို့ကို ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ထိုနေ့ပင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တ သိရီကဥ္စနာဘိဝံသက လူထုစာမျက်နှာ(Facebook) ပေါ်တွင် ထိုဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးနှင့် မောင်လူမွေး (မြန်မာမှု)၏ ဗုဒ္ဓဝါဆိုစဉ်စာအလင်္ကာများ စာအုပ်တို့ကို ချီးကျူးအနုမောဒနာပြု၍ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ တွဲဖက်အကျိုးတော်ဆောင် ဝိဘဇ္ဇ ဆရာတော်က ဆရာတော် ဦးဗုဒ်ရေးသော ဓမ္မစကြာ မဟာဋီကာစာအုပ်ရှိကြောင်း မိန့်သည်။ မိမိမှာကား မတွေ့ရဖူးသေးကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။ ဓမ္မစကြာမဟာဋီကာသစ်ကို ရှေးရိုက် ဆိုဒ်တိုအနေဖြင့်သာ ဖတ်ဖူးကြောင်း၊ ယခု မြဝတီ စာပေတိုက်မှရိုက်သော စာအုပ်ကိုဖတ်ရှုရတာ အထူး စိတ်ချမ်းသာရပါကြောင်း ရေးစာဆိုများ၏ ဗုဒ္ဓဝါဆိုစဉ် စာအုပ်ကိုကား မမြင်ဘူး မဖတ်ဘူးသေးပါကြောင်း နှင့် ဤကဲ့သို့ ရှားပါးစာပေမျိုးများကို သာသနာတော် အတွက် ရှေးရှု၍ ဆက်လက်ဖော်ထုတ်သင့်ကြောင်း **ကောင်းမှုရှိမှ တောင်းဆုပြည့်သည်** ဟုခေါင်းစဉ်ဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

မြဝတီစာပေတိုက်မှထုတ်ဝေသောစာအုပ်များသည် များသောအားဖြင့် ဂန္ထဝင်မြောက်စာပေများဖြစ် ကြသည်။ ထိုစဉ်က သာသနာရေး ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြည်ထောင်စုဖောင့်ဖြင့် ကွန်ပျူတာ စာစီရန်ညွှန်ကြားချက်သည်လည်း ခေတ်စနစ်အရ စာအုပ်၏ကောင်းခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း ဆရာတော်နှင့် ဖုန်းဆက်ဖြစ်သောအခါ လျှောက်ထားရသည်။ ထို့အတူ အခြား ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စာပေပညာရှင်များထံမှလည်း ချီးကျူး ရေးသားသည်ကို တွေ့ရပေသည်။

ဤကျမ်းကိုပြုစုခဲ့သောနှစ်မှာ ကောဇာသက္ကရာဇ် ၁၂၇၆ ခုနှစ်က ဖြစ်ပေသည်။ ထိုကျမ်းကို ၁၃၈၇ ခုနှစ် သင်္ကြန်မတိုင်မီ သာသနာရေးဝန်ကြီးဌာနနှင့် မြဝတီ စာပေတိုက်မှ ဆက်စပ်၍ စီစဉ်ပုံနှိပ်ခဲ့သည်။ တိုက်တိုက် ဆိုင်ဆိုင်ပင် ထိုကျမ်းကြီးပြီးသည့်နှစ်ပေါင်း ၁၁၁ နှစ် တွင် နိုင်ငံတော်အဆင့် ပုံနှိပ်ထုတ်ဝေမှုအဖြစ် ရောက်ရှိ လာခဲ့ပေသည်။

သို့ဖြစ်ပါ၍ မြဝတီဆရာတော်ဘုရားကြီး၏ရေးသား တော်မူအပ်သော ဓမ္မစကြာမဟာဋီကာသစ် ကျမ်း ကြီး၏ အကြောင်းခြင်းရာများကို အကျဉ်းချုပ်၍ မုဒိတာပွား ဖော်ပြအပ်သည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ခဲ့ သော်လည်း လောကကြီးတစ်ခုလုံးကိုဘုရားဖြစ်ကြောင်း ဝန်ခံပြောကြားခြင်းကိုမူ ဝါဆိုလပြည့်နေ့ ညချမ်း သမယ ပဉ္စဝဂ္ဂီတို့အား တရားဦးဓမ္မစကြာကိုဟောကြား သည့်အချိန်မှ စတင်ခဲ့သည်။ ယင်းကို မော်ကွန်းအမှတ် ပြုကာ “ဗုဒ္ဓအစ ဓမ္မစကြာက၊ ဓမ္မ(ပိဋက)အစ ဓမ္မစကြာက၊ သံဃအစ(ပဉ္စဝဂ္ဂီ)ဓမ္မစကြာက” ဟု ပြောစမှတ်ပြုလာကြသည်။

ထေရဝါဒ - မဟာယာန စသည်ဖြင့် ဗုဒ္ဓဘာသာ ဂိုဏ်းဂဏများ မည်သို့ပင်ကွဲပြားသော်ငြား ဂိုဏ်း အားလုံးတွင် တရားဦးဓမ္မစကြာသည် ပါမြဲဖြစ်သည်။ ပိဋကတော်လာ အချို့သော သုတ္တန်ဒေသနာများသည် နိုင်ငံအလိုက် ဗုဒ္ဓဘာသာဂိုဏ်းဂဏအချို့အလိုက် ကွဲပြားမှုများရှိကြသည်။ ဓမ္မစကြာတရားတော် (ဓမ္မစက္ကပ္ပဝတ္တန)ကမူ နိုင်ငံ၊ လူမျိုး၊ ဂိုဏ်းဂဏ မည်သို့ပင်ကွဲပြားစေကာမူ တူညီမှုရှိကြောင်းကို ဗုဒ္ဓ စာပေသုတေသီများ၏ မှတ်ချက်အရ သိရပေသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာဖြစ်ပေါ် လာခဲ့သော အနော်ရထာမင်းကြီးလက်ထက် အေဒီ ၁၁ ရာစုမှ ယနေ့ ၂၁ ရာစုတိုင် ဗုဒ္ဓဘာသာနိုင်ငံ အနေဖြင့် တည်တံ့ခိုင်မြဲနေဆဲဖြစ်သည်။ ဗုဒ္ဓတရားတော် များကို ပျူခေတ်၊ ပုဂံခေတ်အစောပိုင်းတွင် ရေးထိုး ဖော်ပြကြသောအကြောင်းအရာများမှာ (ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီ...) ဂါထာများကိုလည်းကောင်း၊ (ပျူခြင်ဘကုန်း ရွှေပေလွှာ၊ အနော်ရထာမင်းကြီး ကိုယ်တိုင်ပြုလုပ်တော်မူသော အုတ်ခွက်ဘုရားပုံတော် စသည်...) ဓမ္မစကြာပါဠိတော်များကိုလည်းကောင်း တွေ့ရပေသည်။

ဓမ္မစကြာတရားတော်ကို ရေးထိုးဖော်ပြသော အစောဆုံးတွေ့ရသည့် ကျောက်စာမှာ ပုဂံခေတ် သက္ကရာဇ် ၄၈၂- နှစ် (အေဒီ- ၁၁၃၀) ထိုးရွှေဂူကြီး ဘုရားကျောက်စာတွင် တွေ့ရပေသည်။ ရေးထိုးသူမှာ အလောင်းစည်သူမင်းဖြစ်သည်။... ၃၅။ ပဉ္စဝဂ္ဂီယထေရာနံ၊ ဓမ္မစက္ကပ္ပဝတ္တန၊ ဒေသယိတွာနံ၊ ပါပေသိသဗ္ဗေ မရဏံသဟ။ ၃၆။ အညာသိကောဏ္ဍညထေရေန နိဗ္ဗာန ပဒမုတ္တမံ။ တထေဝါဟံပိ ဒေသေယျံ ဓမ္မစက္ကပ္ပဝတ္တန... (မူလကျောက်စာအက္ခရာအတိုင်း)စသည်ဖြင့် ပါဠိ ဘာသာနှင့်ရေးထိုးထားလေသည်။ တရားသံဝေဂ လွှမ်းသော ကျောက်စာဖြစ်သည်။ (နိဂုံးတွင် ဘုရားတည်သောနှစ်နှင့် ပြီးစီးသောနှစ်ကို အိန္ဒိယ နိုင်ငံသုံး သက္ကတနှစ်ဖြင့်လည်းကောင်း၊ သက္ကတ ဘာသာဖြင့်လည်းကောင်း ရေးထိုးနိဂုံးချုပ်ထားခြင်း မှာလည်း ထူးခြားလှပေသည်။)

> ✣ **ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ခဲ့သော်လည်း လောကကြီးတစ်ခုလုံးကို ဘုရားဖြစ်ကြောင်း ဝန်ခံပြောကြားခြင်းကိုမူ ဝါဆိုလပြည့်နေ့ ညချမ်းသမယ ပဉ္စဝဂ္ဂီတို့အား တရားဦးဓမ္မစကြာကို ဟောကြားသည့်အချိန်မှစတင်ခဲ့သည်။ ယင်းကို မော်ကွန်းအမှတ်ပြုကာ “ဗုဒ္ဓအစ ဓမ္မစကြာက၊ ဓမ္မ(ပိဋက)အစဓမ္မစကြာက၊ သံဃအစ(ပဉ္စဝဂ္ဂီ)ဓမ္မစကြာက” ဟု ပြောစမှတ်ပြုလာကြ . . .**

“ကျွန်ုပ်သည် ထိုကောင်းမှုကံကြောင့်ပြန့်ပြော စွာသော ဤလူ့ပြည်ကိုလည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည်ကိုလည်းကောင်း၊ နတ်ဖြဟ္မာ အသူရာ မာရ်နတ်အဖြစ်ကိုလည်းကောင်း၊ အလုံးစုံသော တန်ခိုး ဣဒ္ဓိပ္ပါဒ်နှင့်ပြီးသော လူမင်းအဖြစ်ကိုလည်းကောင်း မတောင့်တလိုပေ။ မြတ်စွာဘုရား၏ တပည့်သား သာဝကအဖြစ်ကိုလည်း မတောင့်တလိုပေ။ သံသရာ ရေအလျဉ်ကိုဖြတ်တောက်လျက်တံတားပြုလုပ်ပြီးလျှင် သံသရာ ဝဲသြဃ၌ နစ်မြုပ်နေကြသော သတ္တဝါအပေါင်း တို့အားကယ်တင်၍ နိဗ္ဗာန်သို့ရောက်စေအံ့။ သံသရာမှ ကူးမြောက်ပြီးသော ကျွန်ုပ်သည် သံသရာရေအလျဉ် ကြောတွင် မျောပါနေကြသောလူအပေါင်းတို့အား ကူးမြောက်စေအံ့၊ ကျွန်ုပ်သည် သစ္စာလေးပါး သိမြင်သောဘုရားဖြစ်၍ ထိတ်လန့်ဖွယ် အိပ်မော ကျနေသော လူအပေါင်းတို့အား နိုးကြားစေလတ္တံ့။ ရာဂမီးတောက်လောင်နေချိန်၌ ငြိမ်းအေးသွားလျှင် အနှောင်အဖွဲ့မှ လွတ်မြောက်လတ္တံ့။ သဒ္ဓမ္မတရားနှင့် ပြည့်စုံသည်ဖြစ်၍ ရာဂ၊ ဒေါသ စသော အပြစ် အနာအဆာများငြိမ်းသွားသည်ရှိသော် သတ္တဝါ အပေါင်းတို့ကိုလည်း ငြိမ်းအေးစေအံ့။ မိမိကိုယ်၌ ဖြစ်ဆဲဖြစ်လတ္တံ့ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ တရားတို့သည်လည်းကောင်း၊ အကုသိုလ်တရား တို့သည်လည်းကောင်း၊ အခါခပ်သိမ်း ချုပ်ငြိမ်းသွားပါ စေသတည်း...” ဟူသော အကြောင်းအရာဖြစ်ပေသည်။

ထိုသို့ရေးထိုးထားရာ ဓမ္မစကြာသုတ္တန်တရားတော် တစ်ခုလုံးကို ရေးထိုးထားခြင်းမဟုတ်ဘဲ မိမိ အတွေးဖြင့် ရောပြွမ်း၍ တရားတော်လာ အကြောင်း အရာများကို မည်သို့မည်ပုံနားလည်၍ ကျင့်သုံးသည်။ လောကသားများလည်း ထိုသို့ကျင့်သုံးပါက ငြိမ်းချမ်းမှု ရရှိမည်စသည်ဖြင့် (အသုံးချတရားတော်အဖြစ်) ရေးထိုး ထားသည်ကို ပြောလိုရင်းဖြစ်ပေသည်။

သက္ကရာဇ် ၅၄၁-ရေးထိုး တိုင်းချွတ်ဘုရား ကျောက်စာ၊ သက္ကရာဇ်၅၆၃-ရေးထိုး သင်္ဂြိုဟ်ကြီးညောင်ဦးပုပ် ကျောက်စာတို့တွင် ဓမ္မစကြာတရားကိုဟောရန် တောင်းဆိုမှု၊ နာကြားရမှု စသည်များကိုရေးထား သော်လည်း အလောင်းစည်သူမင်းကြီးကဲ့သို့ ဓမ္မစကြာ တရားတော်ကို အသုံးချတရားတော် (Applied Buddhist Literature) (ကျင့်သုံးနေထိုင်မှု) အဖြစ် ရေးထိုးမှုမျိုး မဟုတ်ပေ......။

ထေရဝါဒနိုင်ငံများ၌ ရှေးယခင်မှသည် ယနေ့တိုင်ပင် ဓမ္မစကြာတရားတော်ကို ရှေးရှေးသော ရဟန်းပညာရှိ လူပညာရှိကြီးများသည် အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ဂဏ္ဌိ အနေဖြင့်လည်းကောင်း၊ နိဿယနက်အနေဖြင့် လည်းကောင်း၊ ဘာသာပြန်အနေဖြင့်လည်းကောင်း အသီးသီးရေးသားဖွင့်ဆိုခဲ့ကြသည်။ နောင်လည်း ဖွင့်ဆို ကြပါလိမ့်အုန်းမည်...။ သို့သော် မြဝတီဆရာတော် ကြီး၏ ဤ “ဓမ္မစကြာမဟာဋီကာသစ်ကြီး” ကဲ့သို့ အကျယ်တဝင့် ဖွင့်ဆိုမှုပြုထားသောကျမ်းကိုမူ လက်လှမ်း မီသလောက် မတွေ့ဖူးဘူးဟု ဆိုချင်ပါသည်။

ဤဋီကာနှင့်ဆက်စပ်၍ “ဋီကာသစ်” ဟုဆိုထားရာ ဋီကာဟောင်းများ ရှိလေသလောဟု တွေးမိ၍ ဆဋ္ဌတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် (ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ) ကို လျှောက်ထား ကြည့်ရာ ဤသို့မိန့်ဆိုသည်ကို နာကြားခံယူရရှိခဲ့ သည်။ “ဓမ္မစကြာနှင့် ဆက်စပ်ပါက ဝိနည်းမဟာဝါ ပါဠိတော် အဋ္ဌကထာ ဋီကာအဖွင့်၊ သံယုတ်ပါဠိတော် အဋ္ဌကထာ ဋီကာအဖွင့်၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် အဋ္ဌ ကထာဋီကာအဖွင့် သာရတ္ထဒီပနီဋီကာ ဝိမတိဝိနောဒနီ ဋီကာတို့မှာ ဓမ္မစကြာနှင့်ဆက်စပ်၍ ရှင်းလင်းချက် များရှိသည်။ ဤပါဠိတော် အဋ္ဌကထာများ တိုက်ရိုက် ဆက်စပ်၍ဖွင့်ဆိုသော ဋီကာကြီးများကို ဋီကာ ဟောင်းဟု မယူရ။

ရှေးဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ ရေးသားပြုစု တော်မူခဲ့ကြသော ဓမ္မစကြာအဖွင့်များကိုသာလျှင် ဓမ္မစကြာဋီကာဟောင်းဟု ယူဆရန်ဖြစ်ကြောင်း၊ ဥပမာ- ဆရာတော်ဦးဗုဒ်၏ ဓမ္မစကြာနိဿယ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ဓမ္မစကြာအဖွင့် သာသနာ့အလင်းရောင် ဦးဖေမြင့်၏ ဓမ္မစကြာပျို့ စသည့် စာပေများကိုသာ ယူဆ သင့်ကြောင်း မိန့်ပါသည်။” ဤကျမ်းမှာ “မဟာဋီကာ သစ်ကျမ်းကြီး” ဟုဆိုသော ဝိသေသနှင့်အတူ ကြီးကျယ် ခန့်ငြားသော

**စာမျက်နှာ ၁၃ သို့** ■

# မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး ရှင်းလင်းဖြေကြား

**မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်)၌ ကျင်းပခဲ့ပြီး ဖိုရမ်နှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**မေး။ ။ ဒီနေ့ကျင်းပတဲ့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကျင်းပမှုနဲ့ ပတ်သက်ပြီး အရင်ဆုံး ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီနေ့ပြုလုပ်တဲ့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်က မြန်မာ-ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု အသင်း၊ ဂျပန်နိုင်ငံက Ingo Peace နဲ့ မြန်မာနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဂျပန်နဲ့မြန်မာအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကိုတိုးမြှင့်ဖို့၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေတိုးမြှင့်ဖို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ ဒီနေ့ဖိုရမ်ကို နိုင်ငံတော်သမ္မတကြီးလည်း တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။ ဒီကနေ နှစ်နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ၊ အလားအလာကောင်းတွေ ရရှိနိုင်မယ်ဆိုတာ သိပါရစေ။**



ဖြေ။ ။ ဂျပန်-မြန်မာ နှစ်နိုင်ငံပြည်သူတွေအကြားမှာ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်လေးစားမှုနဲ့ ဆက်ဆံခဲ့ကြတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ပြီးတော့ စီးပွားရေးနဲ့ပတ်သက်ရင် ဂျပန်နိုင်ငံက ကျွန်မတို့ နိုင်ငံရဲ့ ကုန်သွယ်မှုမှာ အဆင့် (၆)၊ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၉) ဒီလိုမျိုးပူးပေါင်းဆောင်ရွက်မှုတွေ မြင့်မားခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခါ သီလဝါ SEZ မှာဆိုရင် ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၉ ဒသမ ၆၂ ရာခိုင်နှုန်းအထိ မြင့်မားခဲ့တာကိုတွေ့ရပါတယ်။ အဲဒီတော့ ဂျပန်နဲ့ မြန်မာနိုင်ငံ အကြားမှာ ချစ်ကြည်ရင်းနှီးမှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုကမြင့်မားပါတယ်။

ဒါကြောင့် ဒါကို အလေးထားတဲ့အနေနဲ့ နိုင်ငံတော်သမ္မတကိုယ်တိုင် ဒီနေ့စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့ပါတယ်။ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို မြှင့်တင်ဖို့၊ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဖို့အတွက် ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ဆောင်ရွက်မယ်ဆိုရင် ဒီလို ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ဖို့အတွက် ဝန်းကျင်ကောင်းတွေ ဖန်တီးပေးပါ့မယ်ဆိုပြီး သမ္မတကြီးက မိန့်ခွန်းမှာ ထည့်ပြီးပြောကြားခဲ့ပါတယ်။

**မေး။ ။ ဒီနေ့ ရင်းနှီးမြှုပ်နှံမှုအတွက် ထပ်ပြီး ဖိတ်ခေါ်ခဲ့တယ်။ ဖိုရမ်မှာ ဂျပန်နိုင်ငံက ပါဝင်တက်ရောက်တဲ့ စီးပွားရေးလုပ်ငန်းရှင်အရေအတွက်ကိုလည်း သိပါရစေ။**

ဖြေ။ ။ ဒီနေ့ စီးပွားရေးဖိုရမ်ကို ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၉၄ ဦး တက်ရောက်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံဘက်က ၃၀၀ ကျော် တက်ရောက်ပါတယ်။

**မေး။ ။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတွေကနေ တစ်ဆင့် ရရှိလာမယ့်ရလဒ်ကောင်းတွေနဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

ဖြေ။ ။ ဒီနေ့စီးပွားရေးဖိုရမ်မှာ ပထမပိုင်းက ဖိုရမ်ဖွင့်ပွဲပါ။ ဒုတိယပိုင်းမှာတော့ မျက်နှာစုံညီဆွေးနွေးပွဲတွေလုပ်မှာပါ။ ဒီဆွေးနွေးပွဲကနေ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ကျွန်မတို့ဘက်က မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်မတို့ဘက်က ပံ့ပိုးမှုပြုလုပ်သွားမယ့် အရာတွေကို ဆွေးနွေးကြမှာပါ။ ပြီးရင် MoU လေးခု လက်မှတ်ရေးထိုးသွားမှာပါ။ ခုနက ဆွေးနွေးမှုတွေကနေတစ်ဆင့် ဂျပန်နိုင်ငံရဲ့ ကုန်သွယ်မှုတိုးမြှင့်ဖို့ကိစ္စတွေ၊ ပြည်သူတွေအကြား၊ ကုမ္ပဏီအချင်းချင်းကြားမှာ Business to Business (B to B) စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်မယ်၊ ချစ်ကြည်ရင်းနှီးမှုတွေကို တည်ဆောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်တယ်။ သဘာဝအရင်းအမြစ်ပေါများတဲ့ နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးမြေ ဧရိယာလည်း ကျယ်တယ်၊ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကို အဓိကအားထားတဲ့ နိုင်ငံဖြစ်ပါတယ်၊ အဲဒီတော့ ဒီကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နိုင်ပါတယ်။

နောက်တစ်ခုက ကျွန်မတို့နိုင်ငံမှာ လူငယ်လုပ်သားအင်အားလည်း ပေါများတဲ့ အနေအထားလည်းရှိပါတယ်။ ဒါက ကျွန်မတို့နိုင်ငံရဲ့အားသာချက်ပါ။ ဂျပန်နိုင်ငံရဲ့ အားသာချက်ကတော့ သူတို့မှာ နည်းပညာတွေရှိတယ်၊ အရင်းအနှီးရှိတယ်၊ အဲဒီတော့ ကျွန်မတို့နိုင်ငံကိုလာပြီးတော့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ အားသာချက်နဲ့ ဂျပန်နိုင်ငံရဲ့အားသာချက် ဒါကို ပူးပေါင်းဆောင်ရွက်လိုက်ရင် နှစ်နိုင်ငံလုံးအတွက် Win-Win Situation ကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူဖြစ်မှာပါလို့ ပြောကြားလိုပါတယ်။ ။

**သတင်းအဖွဲ့**

# မုံရွာမြို့ "ကောင်းပြည့်စုံ" ကြက်၊ ငုံး မွေးမြူရေးအစာစက်ရုံမှ တစ်ရက်လျှင် ပြည် ၃၀ ဝင်အိတ် ၂၅၀ ကြိတ်ခွဲထုတ်လုပ်



မုံရွာ ဇူလိုင် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်တော်သာရပ်ကွက်ရှိ "ကောင်းပြည့်စုံ" ကြက်၊ ငုံးမွေးမြူရေးအစာစက်ရုံမှ တစ်ရက်လျှင် ပြည် ၃၀ ဝင်အိတ် ၂၅၀ ကြိတ်ခွဲထုတ်လုပ်နေကြောင်း သိရသည်။

အဆိုပါစက်ရုံအတွင်း တိရစ္ဆာန်အစာများ ကြိတ်ခွဲထုတ်လုပ်မှုနှင့် ထုပ်ပိုးမှုအဆင့်ဆင့်ကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်အစာများအား အရည်အသွေးပြည့်မီစွာ အရေအတွက်များများထုတ်လုပ်သွားရေး၊ ထုပ်ပိုးမှုပုံစံ အရည်အသွေး ပြည့်ဝစေရေးနှင့် လုပ်ငန်းများလုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးတို့ကို ဌာနဆိုင်ရာများနှင့် မွေးမြူရေးလုပ်ငန်းရှင်များက အလေးထား ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■ **စာမျက်နှာ ၁၂ မှ အဆက်**

အကျယ်တဝင့် ဖွင့်ဆိုမှုများကို အခန်းလိုက်တွေ့ရမည် ဖြစ်သည်။

အလောင်းစည်သူမင်းကြီး၏ ရွှေဂူကြီးဘုရားကျောက်စာတွင်ပါဝင်သော ဓမ္မစကြာတရားသဘောသည် လောကုတ္တရာအသိကိုလည်းကောင်း၊ လောကီဆိုင်ရာ ဗဟုသုတများကိုလည်းကောင်း ရရှိသကဲ့သို့ ဤဓမ္မစကြာဋီကာသစ်ကြီးသည်လည်း လောကီလောကုတ္တရာနှစ်ဖြာအတွက် ပညာဗဟုသုတ ပေးစွမ်းနိုင်သည်ကို ကျမ်းရှုသူများ သိရှိပါလိမ့်မည်။

ပုဂံခေတ်တစ်လျှောက် ဓမ္မစကြာနှင့်ဆက်စပ်သော အကြောင်းအရာများကို ရေးသားခဲ့ကြသော မင်စာ၊ ကျောက်စာများရှိခဲ့ကြသည်။ သို့သော် ရွှေဂူကြီးကျောက်စာကဲ့သို့ ဓမ္မစကြာဆိုင်ရာနှင့် ဆက်စပ်၍ အခြားကျောက်စာများသည် ပေါ်လွင်မှုဤမျှမရှိခဲ့ဟု ဆိုရမည်။ ရေးထိုးသော ပုဂ္ဂိုလ်၊ ရေးထိုးသော အကြောင်းအရာ ထူးခြားကောင်းမွန်၍ ထိုကျောက်စာသည် ရေရှည်တည်တံ့ခိုင်မြဲထင်ရှားသလို ဤဓမ္မစကြာဋီကာသစ်ကျမ်းကြီးသည်လည်း ကျမ်းပြုသော ပုဂ္ဂိုလ်၊ ကျမ်းပြုသည့်အကြောင်းအရာစသည်တို့ကြောင့် မြုပ်ကွယ်နေသော်လည်း တစ်ဖန်ပြန်၍ ငွားငွားစွင့်စွင့် ပေါ်ပေါက်လာရသည်ဟု ဆိုချင်ပါသည်။

ကျမ်းရေးသားပုံမှာ အမေးအဖြေပုံစံမျိုးဖြင့်ရေးသားထားခြင်းဖြစ်ပေသည်။ အမေးအဖြေ အပိုဒ်ပေါင်း ၆၂၀ ရှိရာ အကြောင်းအရာအလိုက် စိတ်ဝင်စားဖွယ် မှတ်သားဖွယ်ရာများ ရောပြွမ်းလျက်ရှိပေသည်။ အကြောင်းအရာတစ်ခုကို ရှင်းပြရာ၌ မူလပါဠိပုဒ်ဝေါဟာရမှဆက်စပ်၍ ရည်ညွှန်းကျမ်းများကို ညွှန်းသွားရာ နိကာယ်ငါးရပ်လာ ပါဠိတော်များအဖွင့် အဋ္ဌကထာ၊ ဋီကာ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် စသည်မှသည် ဘာသန္တရကျမ်းများအထိကိုပါ ညွှန်းဆိုပြသွားရာ ပညာဗဟုသုတလိုလားသူများအတွက် ရည်ညွှန်းပဋ္ဌများအဖြစ် အလွယ်တကူ ဆက်စပ်ရှာဖွေရနိုင်ပေသည်။

➢ သံသေဒဇဖြစ်သော သတ္တဝါများကိစ္စ၊
➢ ရုပ်အိုပုံ အရွယ် ၁၀ ပါး၊
➢ အနာမျိုးဇွဖ်ပါးအပြား၊ (ပိဋကတ်တော်လာနှင့်သာရကောမုဒီ၊ မဓုကောသကျမ်း၊ ဘာဝပ္ပကာသကျမ်းသုဿတကျမ်း စသည့် ဆေးကျမ်းများနှင့် ညှိနှိုင်းတိုက်ဆိုင်၍ ခွဲခြားမှုများ)
➢ သေဆုံးခြင်းနှင့် သေသည်၏ အခြားမဲ့ ကိစ္စရပ်များ၊ (ဝိညာဏ်ကူးပြောင်းမှု)
➢ အကုသိုလ်ကံကို ဉာဏ်ဝီရိယဖြင့် တားနိုင်၊ မတားနိုင်၊
➢ အမျှဝေ၍ ရနိုင်၊ မရနိုင်၊ ဗုဒ္ဓဘာသာမဟုတ်သော တိုင်းပြည်နိုင်ငံလူများတွင် ထိုအကြောင်းအရာများနှင့် ဆက်စပ်၍ ဖြစ်နိုင်၊ မဖြစ်နိုင်၊
➢ နိဗ္ဗာန်အကြောင်းခြင်းရာများ၊
➢ ရဟန္တာအကြောင်းခြင်းရာများ၊
➢ ပဋိသန္ဓေနေခြင်းကို ယနေ့ခေတ်ဆေးပညာရှင်များ လက်ခံမှုနှင့် ပိဋကတ်တော်လာ အကြောင်းအရာများ၊
➢ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ ယူဆပုံများ၊
➢ ဝန်ချတောင်းပန်၍ အပြစ် ပြေ၊ မပြေ၊ (တောင်းပန်၍ အပြစ်ကျေခြင်း)
➢ နတ်ကိုးကွယ်မှုအတွက် သရဏဂုံ ပျက်၊ မပျက်၊
➢ လူသားများ၏အကုသိုလ်စိတ်များကြောင့် လောကကြီးခေတ်ဖောက်ပြား၍ ကပ်ကြီးသုံးပါးဆိုက်ပုံ အခြင်းအရာများ...

စသည်များကို ဖွင့်ဆိုရေးပြထားရာ စွယ်စုံကျမ်းကြီးကိုကြည့်နေရသကဲ့သို့၊ အဘိဓာန်ကျမ်းကြီးကိုကြည့်နေရသကဲ့သို့ စာပေရသကို ခံစားရသည်။ ခံစားရပါမည်။

မြန်မာစာပေလောကတွင် မုံရွေးဇေတဝန်ဆရာတော်၏ သမန္တစက္ခုဒီပနီ၊ ကျီးသဲလေးထပ်ဆရာတော်နှင့် ကြီးကန်ရှင်ကြီး၏ စွယ်စုံကျော်ထင်ကျမ်း၊ လုံးတော်ဆရာတော်၏ ပဏ္ဏိတ္တာက ပုစ္ဆာဝိဿဇ္ဇနာကျမ်း၊ မန်လည်ဆရာတော်ကြီးနှင့် မင်းကွန်းဆရာတော်တို့၏ သတဒီပက ပုစ္ဆာကျမ်းစသည်တို့သည် ပိဋကတ်တော်လာ အကြောင်းအရာများအနက် ခဲရာခဲဆစ်များကို မေးဖြေထားရာ အလွန်ထင်ရှားလှပါ၏။

မြဝတီဆရာတော်ကြီး၏ ဤမည်သော "ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး" သည်လည်း အထက်ဖော်ပြပါ ကျမ်းစာများကဲ့သို့ လောကီလောကုတ္တရာ အကြောင်းအရာများကို သိရှိပေးစွမ်းနိုင်မည်ဟု ယုံကြည်မိပါကြောင်း ညွှန်းဆိုအပ်ပါသတည်း။ ။

# အလင်းရောင်နောက်က အမှောင်ရိပ်နှင့် တရားမဲ့ခြင်း၏ နိဒါန်း

ဖါဝါ

ရိုးသားခြင်းကင်းမဲ့တဲ့အလင်းဟာ အမှောင်ထက် ပိုမိုကြောက်မက်ဖွယ်ကောင်းပါတယ်။ "မီးခိုးတာပဲ ဘာဖြစ်လဲ" ဆိုတဲ့ အတွေးသေးသေးလေးကနေ ဥပဒေကို မလေးစားတဲ့ စိတ်ဓာတ်စတင်ပျိုးထောင်မိရာ ရောက်ပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုလုံး စည်းကမ်းပျက်ပြားဖို့ လမ်းစခင်းပေးလိုက်ခြင်း ဖြစ်ပါတယ်။

လူတွေဟာ အမှောင်ထုကို မောင်းထုတ်ဖို့ အလင်းရောင်ကို ရှာဖွေကြပါတယ်။ ဒါပေမဲ့ မိမိအိမ်ခန်းလေး လင်းထိန်ဖို့အတွက် တရားမဝင် စည်းကမ်းမဲ့ ရယူလိုက်တဲ့ လျှပ်စစ်အလင်းတန်းဟာ သင့်နောက်ကွယ်မှာ ပုန်းကွယ်နေတဲ့ 'အမှောင်ရိပ်' တစ်ခုဆိုတာ သတိပြုမိပါရဲ့လား။ ထိုအမှောင်ရိပ်ဟာ စာရိတ္တမဲ့ပြာကျမှုနဲ့ အတ္တဆန်မှုကို အခြေခံနေပါတယ်။ ဥပဒေကို မျက်ကွယ်ပြုပြီး ကိုယ်ကျိုးရှာခြင်းဟာ လူမှုပတ်ဝန်းကျင်တစ်ခုလုံး ပျက်စီးစေမယ့် 'တရားမဲ့ခြင်း၏ နိဒါန်း' ပဲ ဖြစ်ပါတယ်။

**တရားမဝင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှု (Power Theft)** ဆိုတာ လျှပ်စစ်ဓာတ်အားကို တရားဝင် မီတာတပ်ဆင်မှုမပြုဘဲ ရယူသုံးစွဲတာ သို့မဟုတ် တရားဝင်တပ်ဆင်ထားသော မီတာတွင် မသမာသော နည်းလမ်းများ အသုံးပြု၍ မိမိသုံးစွဲထားသည့် လျှပ်စစ်ဓာတ်အားပမာဏ(ယူနစ်) အပြည့်အဝအတွက် ဓာတ်အားခ မပေးဆောင်ရစေရန် ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဤကဲ့သို့ တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများတွင် သာမန်မီတာများမှစ၍ ခေတ်မီနည်းပညာမြင့် မီတာများအထိ မီတာလိုင်းကျော်သုံးခြင်း (Bypass)၊ မီတာအတွင်းပိုင်းအစိတ်အပိုင်းများကို မူလအနေအထား ပျက်ယွင်းအောင် တိုးတက်လာသည်နှင့်အမျှ မသမာသူများသည်လည်း ခေတ်မီဆန်းပြားသည့် နည်းလမ်းမျိုးစုံကို အသုံးပြုလာကြတာတွေ့နေရပါတယ်။

**သက်ရောက်မှုနှင့်ဆိုးကျိုးများ (Impacts & Consequences)** မှာ တရားမဝင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုများကြောင့် ဓာတ်အားပျောက်ဆုံးမှုများလာပြီး ဓာတ်အားဖြန့်ဖြူးမှုစနစ်၏ တည်ငြိမ်မှုကိုပါ ထိခိုက်ပါတယ်။ မိမိအိမ်မှာ မီးလင်းနေပေမယ့် အများပိုင်ဓာတ်အားလိုင်းကနေ ခိုးယူထားတာကြောင့် တရားဝင်မီတာတပ်ဆင်သုံးစွဲနေသူတွေဆီ ရောက်ရမယ့် ဗို့အားတွေ ကျဆင်းကုန်ပါတယ်။ ထရန်စဖော်မာများတွင် မမျှော်မှန်းထားသော ဝန်အားကြောင့် ဝန်ပို (Overload) ထမ်းရတာ၊ လိုင်းကြိုးများ အပူလွန်ကဲတာ၊ လျှပ်စစ်ပစ္စည်းများ ထိခိုက်ပျက်စီးတာ၊ Short Circuit ဖြစ်ပြီး မီးလောင်တာတို့ဟာ ဆင့်ကဲဆင့်ကဲအားဖြင့် လူတို့ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်သော အန္တရာယ်များဖြစ်ပါတယ်။


လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများ များပြားလာသည်နှင့်အမျှ ဓာတ်အားပျောက်ဆုံးမှုများလာပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းစဉ်တစ်လျှောက်တွင် စီးပွားရေးနှင့်နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့ပြင် အဓိကဆိုးကျိုးမှာ လျှပ်စစ်ကဏ္ဍ

တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများ





မီတာတပ်ဆင်မှု မရှိဘဲ ဓာတ်အားလိုင်းမှ တိုက်ရိုက်ချိတ်ဆက်၍ ခိုးယူသုံးစွဲခြင်း



တပ်ဆင်ထားသော မီတာကို နည်းလမ်းတစ်ခုခုဖြင့် မီတာယူနစ် လျော့နည်းအောင် ပြုလုပ်သုံးစွဲခြင်း



တပ်ဆင်ထားသော မီတာကိုအဆင့်မြင့်နည်းပညာဖြင့် မီတာယူနစ်လျော့နည်းအောင် ပြုလုပ်သုံးစွဲခြင်း

တွင် ဝင်ငွေနှင့်အသုံးစရိတ် မကာမိခြင်းကြောင့် တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များအတွက် ထပ်မံရင်းနှီးမြှုပ်နှံရန် အခက်အခဲအကျပ်အတည်းကို ဖြစ်ပေါ်စေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာ၌လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။

**တရားဥပဒေအရ ပြစ်ဒဏ်များနှင့် အရေးယူမှုများ**အနေနဲ့ လျှပ်စစ်ဓာတ်အား တရားမဝင် ခိုးယူသုံးစွဲခြင်းအတွက် တည်ဆဲလျှပ်စစ်ဥပဒေအရ ထောင်ဒဏ်၊ ငွေဒဏ်အပြင် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုနည်းလမ်းအရ သတ်မှတ်ထားသော လျော်ကြေး/နစ်နာကြေးပေးဆောင်စေခြင်း၊ လျှပ်စစ်ဓာတ်အားဖြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ကို ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြေညာထားပြီးဖြစ်၍ ကျူးလွန်ထားသူများအနေနှင့် ပြစ်ဒဏ်များကျခံရတော့မှာဖြစ်ပါတယ်။ အလင်းရောင်ကို လူသားတိုင်း မက်မောပါတယ်။ ညဥ့်မှောင်မှောင်မှာ လျှပ်စစ်မီးရောင် မှိတ်တုတ် မှိတ်တုတ် မြင်ရုံနဲ့တင် ရင်ထဲ နွေးထွေးမှု ပေးစွမ်းနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအလင်းရောင်ဟာ ရိုးသားမှု ကင်းမဲ့တဲ့ **"လောဘ"** အောက်ကနေ ပေါက်ဖွားလာတာ ဆိုရင်တော့ တစ်နေ့မှာ သင့်ကို **"သောက မီးတောက်"** အဖြစ် ပြောင်းလဲသွားမှာပါပဲ။ ဥပဒေအရစစ်ဆေးတွေ့ရှိတဲ့အခါ ပြစ်ဒဏ်နဲ့ အရှက်ရမှုတွေကို ရင်ဆိုင်ရပါတယ်။

လောကနိယာမအရလည်း ပြစ်မှုဟူသည် ကြာရှည်စွာဖုံးကွယ်ထား၍မရဘဲ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း Digital မီတာများ သာမက Analog မီတာများကိုပါ စောင့်ကြည့်စစ်ဆေးနိုင်တဲ့ စနစ်တစ်ခုကို တည်ဆောက်နေပြီဖြစ်ရာ မလွဲမသွေဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ်လာနိုင်တော့မှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဓာတ်အားခိုးယူသုံးစွဲမှုကြောင့် ပြည်သူများအပေါ်တွင် ထိခိုက်နစ်နာစေမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း မီဒီယာများတွင် ဖော်ပြပေးနေမှုများကြောင့် ပြည်သူများအနေဖြင့်လည်း တိကျစွာ သတင်းပေးတိုင်ကြားလာမှုများ တဖြည်းဖြည်းများပြားလာသည်ဖြစ်ရာ ဓာတ်အားခိုးယူသုံးစွဲထားသူများအနေဖြင့် မကြာတော့သောကာလအတွင်းကျူးလွန်ထားတဲ့ တရားမဲ့ခြင်းတွေဟာ လူ့ပတ်ဝန်းကျင်မှာ ရှက်ဖွယ်ရာ လုပ်ရပ်များအဖြစ် ပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။

မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင် ဓာတ်အားရယူသုံးစွဲခဲ့မှုများကို စစ်ဆေးတွေ့ရှိတဲ့အခါ ယင်းပြစ်မှုကျူးလွန်ထားသူမှ ယခင်က ဓာတ်အားခမပေးဆောင်ဘဲ ရယူသုံးစွဲခဲ့တဲ့ ဓာတ်အားများအတွက် ပြန်လည်ပေးလျော်စေရမည်ဖြစ်ရာ လျော်ကြေးငွေတွက်ချက်မှုကို ဓာတ်အားသုံးစွဲမှုအမျိုးအစားအလိုက် အမြင့်ဆုံးနှုန်းဖြင့် သတ်မှတ်ကောက်ခံဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**ပြည်သူသို့အသိပေးကြော်ငြာများ**ကို ယခုကာလအတွင်း သတင်းစာများ၊ ဆိုရှယ်မီဒီယာများနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှတစ်ဆင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မေတ္တာရပ်ခံဆောင်ရွက်မှုများတွေ့နေရပါတယ်။ "လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကာလကျော်လွန်ပြီးချိန်တွင် စစ်ဆေးတွေ့ရှိရပါက လျှပ်စစ်ဥပဒေနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနသို့ဆက်သွယ်အသိပေးသူများအား ဓာတ်အားဖြတ်တောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ဒဏ်ကြေးငွေကျပ် ၃၀၀,၀၀၀/- တောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျော်ကြေးငွေတွက်ချက်ရာတွင် မူလသတ်မှတ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုသာကောက်ခံခြင်းဖြင့် ဖြေလျှော့ပေးနေကြောင်း" ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြေညာထားတာ တွေ့နေရပါတယ်။ ဝန်ကြီးဌာနက ဖြေလျှော့ပေးနေတဲ့ ကာလမှာ တာဝန်သိပြည်သူတစ်ဦးအနေနဲ့ ဆက်သွယ်အသိပေးပြီး မိမိကိုယ်ကို ပြုပြင်သွားကြသင့်ပါတယ်။

ရိုးသားမှုနဲ့ ရယူထားတဲ့ ဖယောင်းတိုင်တစ်တိုင်ရဲ့ အလင်းဟာ တရားမဲ့စွာ ခိုးယူထားတဲ့ လျှပ်စစ်မီးထက် ပိုမိုတောက်ပပြီး သိက္ခာရှိပါတယ်။ အလင်းရောင်နောက်က အမှောင်ရိပ်တွေကို မောင်းထုတ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ဘေးကင်းလုံခြုံတဲ့ လူမှုအသိုက်အဝန်းဆီသို့ ဦးတည်လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ကျောက်ပန်းတောင်း ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း)တို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကို ဇူလိုင်လ ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယကျောင်းအုပ်ဆရာကြီး ဦးဟန်ဝင်းအောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်နွယ်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စကားဝိုင်းများကို ကျောင်းများအလိုက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်သူအဖြစ် ဆောင်ရွက်ပြီး မြို့ပြအင်ဂျင်နီယာဌာနမှ ဒုတိယနှစ်ကျောင်းသူ မမေနယုန်စိုးက မိုးရေခံစနစ်နှင့် Eco-Friendly အကြောင်း၊ ဒုတိယနှစ်(EC) မှ မစောပြည့်ပြည့်နန်းတိုက်က Automation စနစ်နှင့် Paperless ကျောင်းပရိဝုဏ်အကြောင်း၊ စက်မှုအင်ဂျင်နီယာဌာနမှ ဒုတိယနှစ်ကျောင်းသား မောင်နေလင်းမောင်က စွန့်ပစ်ပစ္စည်းလျှော့ချရေး(3Rs)အကြောင်း၊ ပထမနှစ်(EC)မှ မောင်နေလင်းအောင်က နည်းပညာသုံးစွမ်းအင်ချွေတာရေးနှင့် Green Campus အကြောင်းတို့ကို လည်းကောင်း အသီးသီးဝင်ရောက်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။




သဲသဲ(ပြန်/ဆက်)

★ **စာမျက်နှာ ၁၇ မှအဆက်**

အလားအလာကောင်းသည့် မြေလွတ်မြေရိုင်းများစွာရှိနေကြောင်း၊ မတူညီသည့် ရေမြေတောတောင် ဥတုရာသီများရှိပြီး နှစ်ရှည်ပင်များသာမက ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ကဲ့သို့သော ရာသီသီးနှံများပါ အလွယ်တကူစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် သမားရိုးကျစိုက်ပျိုးသည့် စနစ်မှ ထုတ်လုပ်မှုအားကောင်းပြီး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခေတ်မီစိုက်ပျိုးရေး အခြေခံစီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံ၏ လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်း ကိရိယာများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ကုန်ကြမ်းခိုင်မာစွာရှိထားသည့် ရော်ဘာကိုအခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံတာယာနှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေရေး ပြုပြင်ပြောင်းလဲရန်နှင့်သင့်တော်သည့်မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယုံကြည်စိတ်ချစွာ ပါဝင်ရင်းနှီးမြှုပ်နှံကြရန်လည်း လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်လို**ပါကြောင်း၊ **ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်အနေဖြင့် အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်ရှိ**ကြောင်းနှင့် **လိုအပ်သည့် ပံ့ပိုးကူညီမှုများကိုလည်း အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ်**ကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတွင် အဓိကလိုအပ်သည့် စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများအပြီး ထွက်ပေါ်လာသည့် အစိုးရသစ်အနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်(EV)များတိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်အခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာ မြန်မာဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုကောင်းသည့် တောင်ပေါ်ဒေသတွင် မြေဧရိယာ ဧက ၁၀၀၀၀ ခန့်ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိတ်ပါဝင်စားသည့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း။

ယခုဖိုရမ်သည် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် အထောက်အကူပြုမည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာမည်ဟုယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူငယ်အင်အား၊ လုပ်သားအင်အား စသည့်အားသာချက်များကို ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ၊ နည်းပညာ စသည်တို့နှင့်ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့်(Win-Win)စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်သည်ဟုယုံကြည်ပါကြောင်း။

"မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်"ကို တက်ရောက်လာသည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို တက်ရောက်လာကြသည့် မိတ်ဆွေများမှတစ်ဆင့်ဂျပန်ပြည်သူများကို သတင်းစကားပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်မှတစ်ဆင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများနှင့် ရလဒ်ကောင်းများ ပိုမိုခိုင်မြဲစွာတိုးတက်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Ingo Peace ဥက္ကဋ္ဌက မြန်မာ-ဂျပန်စီးပွားရေးဖိုရမ်ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယခုကဲ့သို့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်မှုအပေါ် လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုဖိုရမ်ဖြစ်မြောက်အောင် အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်ခဲ့ကြသော မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းအဖွဲ့ဝင်များအား အထူးပင်ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ဂျပန်နိုင်ငံသားတစ်ဦးအနေဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်တွင် နှစ်နိုင်ငံ၏အနာဂတ်ပူးပေါင်းဆောင်ရွက်ရေး အတူတကွ ဆွေးနွေးနိုင်မည့်အခွင့်အလမ်းကို ဖန်တီးပေးနိုင်သည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအတူတကွလက်တွဲကာ မျှော်လင့်ချက်နှင့် သာယာဝပြောမှုများပြည့်ဝသည့် အနာဂတ်သစ်တစ်ခုကို အတူတကွတည်ဆောက်သွားနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းစာမျက်နှာသစ်ကိုဖွင့်လှစ်နိုင်သည့်ခြေလှမ်းသစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ ဂျပန်နိုင်ငံ Ingo Peace ဥက္ကဋ္ဌက မြန်မာ-ဂျပန်စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား နေရာအရောက်ဂါရဝပြုပေးအပ်သည်။ ယင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ဂျပန်သီချင်း Sakura "ချယ်ရီပန်း"အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB News



❒ **ရှေ့ဖုံးမှအဆက်**


စုစုပေါင်း ရှေးဟောင်းအဆောက်အအုံ ခြောက်ခုကို ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောကြားခဲ့သည်။

ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်) အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်တို့တွင်ရှေးဟောင်းအဆောက်အအုံ ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်ခြင်း အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာနှင့် အနုပညာလက်ရာ တန်ဖိုးမြင့်မားပြီး နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်သင့်သည့် နှစ် ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများကို ဥပဒေ၊ နည်းဥပဒေအရ ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်အထိ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းအဆောက်အအုံပေါင်း ၅၇၀၈ လုံးရှိပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ ဥပဒေအရ နှစ် ၁၀၀ နှင့်အထက်သက်တမ်းရှိပြီး နိုင်ငံတော်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားရန် လိုအပ်သည့် အဆောက်အအုံများကို ဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၃၉၇ လုံးကိုရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့သည့်အတွက် ယခုဆိုလျှင် စုစုပေါင်း ၆၁၀၅ လုံးရှိပြီဖြစ်ကြောင်း။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများသည် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ လာရောက်အောင်ဆွဲဆောင်နိုင်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် ခမ်းနားထည်ဝါမှု စသည့်တန်ဖိုးများ မြင့်တက်စေခြင်းကြောင့် အမွေအနှစ်တန်ဖိုးနှင့် ထိန်းသိမ်းရန်လိုအပ်မှုကို ပြည်သူများအနေနှင့် နားလည်သိရှိလိုက်နာလာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်ပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့တပ်ဆင်သည့် ကြေးပြားကမ္ပည်းမော်ကွန်းသည် ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်) အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့၏ သမိုင်းတန်ဖိုးကို ပိုမိုထင်ရှားစေမည့်အပြင် အမှတ်တရအမွေအနှစ်တစ်ရပ်အဖြစ် ရေရှည်တည်တံ့စေမည်ဖြစ်၍ ပြည်သူလူထု လူငယ်များအနေဖြင့်လည်း မိမိတို့၏ရှေးဟောင်းအဆောက်အအုံများကို ရေရှည်တည်တံ့စေရန်အတွက် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များကို ဆက်လက် လက်ဆင့်ကမ်းမည့် အရေးပါသောမှတ်တမ်းအဖြစ်ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**







**ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ–ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

# ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယုံကြည်စိတ်ချစွာ ပါဝင်ရင်းနှီးမြှုပ်နှံကြရန်လည်း လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်လို

✯ ရှေ့ဖုံးမှအဆက်

ဦးထွန်းအုံ၊ ဦးမျိုးသန့်၊ ဦးမောင်မြင့်၊ မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဂျပန်နိုင်ငံ Ingo Peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki နှင့် ထိပ်တန်းဂျပန်ကုမ္ပဏီများမှ အကြီးအကဲများ၊ မြန်မာ–ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိသည့် မြန်မာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက မြန်မာ–ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "နန်းတွင်းအက တေးအလှ" ယိမ်းအကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် **မြန်မာနိုင်ငံနှင့် ဂျပန်ပြည်သူများအကြား အပြန်အလှန်လေးစားမှု၊ ချစ်ခင်မှု၊ ရင်းနှီးမှုနှင့် ထားရှိသည့် သံယောဇဉ်များသည် နှစ်နိုင်ငံသမိုင်းတွင် စံပြု၍ရသည်အထိ စွဲမြဲတည်တံ့လျက်ရှိ**ကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ယခုဆိုပါက နှစ်ပေါင်း (၇၀) ကျော်ခဲ့ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကြောင့် မြန်မာပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် များစွာအထောက်အကူပြုခဲ့သည်ကို အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ–ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နှစ်နိုင်ငံကုန်သွယ်မှုကိန်းဂဏန်းအချက်အလက်များကိုကြည့်ပါက မြန်မာ–ဂျပန် နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade) ပမာဏသည် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၇၉၅ သန်း၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉၄ ဒသမ ၃၉၄ သန်းနှင့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၄၃ ဒသမ ၆၆၅ သန်းဖြင့် တိုးတက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅၈ ဒသမ ၅၈ သန်းရှိခဲ့ပြီး ဂျပန်နိုင်ငံမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၈၁ သန်းတင်သွင်းခဲ့ကြောင်း၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၄ ဒသမ ၃၉၄ သန်းရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတွင် ဂျပန်နိုင်ငံ၏ ပါဝင်မှုရာခိုင်နှုန်းသည်

> ❖ **သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံး ၂၉ ဒသမ ၉၂ ရာခိုင်နှုန်းဖြင့် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး မြန်မာ-ဂျပန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အထင်ကရစီမံကိန်းတစ်ခုဟုဆိုနိုင် . . .**
>
> ❖ MSME **ကဏ္ဍတွင် ဂျပန်နိုင်ငံမှလာရောက်ရင်းနှီးမြှုပ်နှံကြမည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ကြိုဆို . . .**

၄ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့ပြီး ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံအဆင့် ၆ တွင် ရပ်တည်လျက်ရှိကြောင်း။

မြန်မာနိုင်ငံမှဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့သည့် အဓိကပို့ကုန်များအနေဖြင့် ချုပ်လုပ်ပြီး အထည်များ၊ ဖိနပ်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ ပုလဲနှင့် လျှပ်စစ်ပစ္စည်းများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည့် အဓိကသွင်းကုန်ပစ္စည်းများမှာ အထည်အလိပ်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းများ၊



ဂျပန်နိုင်ငံ Ingo Peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki က မြန်မာ–ဂျပန် စီးပွားရေးဖိုရမ်ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ဂျပန်သီချင်း Sakura "ချယ်ရီပန်း" အကဖြင့် ဖျော်ဖြေတင်ဆက်နေမှုကိုကြည့်ရှုအားပေးစဉ်။

**❖ မိမိတို့အစိုးရအနေဖြင့် သမားရိုးကျစိုက်ပျိုးသည့်စနစ်မှ ထုတ်လုပ်မှုအားကောင်းပြီး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခေတ်မီစိုက်ပျိုးရေးအခြေခံစီးပွားရေးစနစ်သို့ကူးပြောင်းနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိ . . .**

**❖ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်အနေဖြင့် အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်ရှိ၊ လိုအပ်သည့်ပံ့ပိုးကူညီမှုများကိုလည်း အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ် . . .**

**❖ ယခုဖိုရမ်သည် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် အထောက်အကူပြုမည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည် . . .**

စက်နှင့် စက်ပစ္စည်းများ၊ ဇာနှင့်ဇာထိုးထားသည့် အထည်အလိပ်များပင်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်မှတစ်ဆင့် မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှုကို ယခင်ကထက် ပိုမိုမြှင့်တင်နိုင်မည်ဟုမျှော်လင့်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုကို ကြည့်ပါကလည်း ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် (Thilawa SEZ) သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသည့်ပြယုဂ်တစ်ခုဖြစ်ပြီး စက်မှုဇုန်၊ ကုန်ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ စွမ်းအင်နှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုဘီလီယံပေါင်းများစွာလာရောက်**ကုမ္ပဏီ စုစုပေါင်း ၁၂၆ ခုကို ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုပေးထားပြီး စုစုပေါင်းအနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၀၀ ကျော် ရင်းနှီးမြှုပ်နှံထား**ပါကြောင်း။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံများအတွက် လျှပ်စစ်စွမ်းအင်တည်ငြိမ်စွာရရှိရေးနှင့် One-Stop Service အပါအဝင် လုပ်ငန်းလည်ပတ်မှုများကို ပိုမိုချောမွေ့လွယ်ကူစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များနှင့် ချိတ်ဆက်ပြီး ကုန်ကြမ်းကွင်းဆက်ခိုင်မာစေရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ **ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံ**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

ရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရှိရကြောင်း။

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံး ၂၉ ဒသမ ၉၂ ရာခိုင်နှုန်းဖြင့် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး မြန်မာ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အထင်ကရစီမံကိန်းတစ်ခုဟုဆိုနိုင်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၌ ဂျပန်ကုမ္ပဏီပေါင်း ၅၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံထားရှိပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြကြောင်း၊ **သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံ (၂၁) နိုင်ငံနှင့် မြန်မာနိုင်ငံမှ သူများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ကြမ်းများကိုအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်လုပ်ငန်းများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုမည့် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လို**ကြောင်း။

ဂျပန်နိုင်ငံသည် ယနေ့အချိန်ထိ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်တည်ဆောက်ရာတွင် MSME နှင့် SME လုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ခဲ့သည်ကိုသိရကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ကြိုဆိုကြောင်းကို ထပ်မံပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအချက်အလက်များအရ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံတွင် (၉)နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၆၉ ဒသမ ၀၅၆ သန်း တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၂၇ ခု လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီပေါင်း ၃၀၀ ခန့် လုပ်ငန်းများလည်ပတ်လျက်ရှိပြီး ဂျပန်နိုင်ငံသား ၁၅၀၀ ကျော် လာရောက်နေထိုင်လျက်ရှိသည့်အတွက် နှစ်ဖက်လုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေး အဆင်ပြေချောမွေ့လျက်ရှိပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာစေရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်ကြသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့်လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကြီးမားသည့်ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသည့် အာဆီယံဒေသတွင်း အချက်အချာကျသည့်နေရာတွင်ရှိနေကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသည် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများ ပိုင်ဆိုင်ထားရှိပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့်ရေအရင်းအမြစ်နှင့် **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President U Min Aung Hlaing delivers speech at opening of Myanmar-Japan Business Forum



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Myanmar-Japan Business Forum.

NAY PYI TAW July 28

Aimed at further strengthening Myanmar-Japan friendly ties and comprehensively developing socio-economic sector of Myanmar, the Myanmar-Japan Business Forum jointly organized by the Ministry of Foreign Affairs, the Association of Myanmar-Japan Socio-Economic Development Cooperation, and Ingo Peace of Japan, took place at the Myanmar Convention Centre (Yangon) in Mayangon Township of Yangon Region this morning, with an address by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present at the ceremony were Union Ministers U Mya Tun Oo, Lt-Gen Nyunt Win Swe, U Aung Kyaw Hoe, Dr Kan Zaw, U Htein Linn, U Myo Zaw Thein, Dr Charlie Than, U Khin Maung Soe, U Tun Ohn, U Myo Thant and U Maung Myint, Chairman of the Myanmar National Human Rights Commission U Thit Linn Ohn, Yangon Region Chief Minister U Aung Naing Thu, the Regional Hluttaw Speaker, the commander of Yangon Command, deputy ministers, regional cabinet members, departmental officials, the president of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry, Chairman of Indo Peace of Japan Mr. Nakazawa Hiroyuki, heads of top Japanese companies, the chair and officials of Association of Myanmar-Japan Socio-Economic Development Cooperation, officials from Japanese companies, chairs and officials from associations, and officials from Myanmar companies operating trade with Japan.



President U Min Aung Hlaing looks around the exhibition hall.

The President inaugurated the forum with the digital technology. Artistes from the Ministry of Hotels, Tourism and Culture performed the choral dances titled “Dances in Royal Palace with sweet song”.

In his opening speech, the President said that the mutual respect, affection, friendship, and close bonds between the peoples of Myanmar and Japan have remained deeply rooted and enduring to the extent that they can be regarded as a model in the history of relations between the two countries. Diplomatic relations between the two countries were established in 1954, and have now continued for more than 70 years. It is acknowledged and appreciated that the bilateral relations and economic investments between the two countries have made significant contributions to the social development and human resource development of the people of Myanmar.

According to bilateral trade statistics, Myanmar-Japan bilateral trade has shown growth, with the total trade value reaching US$-1,334.795 million in the 2023-2024 financial year, US$-1,194.394 million in the 2024-2025 FY, and US$-1,343.665 million in the 2025-2026 FY.

In the 2024-2025 FY, Myanmar’s exports to Japan were valued at US$-1,058.58 million, while imports from Japan amounted to US$-135.81 million. The total bilateral trade value between Myanmar and Japan in the 2024-2025 fiscal year was US$-1,194.394 million. Japan accounted for 4.38 percent of Myanmar’s total trade and ranked as Myanmar’s sixth-largest trading partner.

The major export products from Myanmar to Japan include garments, footwear, pulses and beans, pearls, and electrical equipment. The main import products from Japan are textiles, transport equipment, electrical machinery, machinery and mechanical appliances, and lace and lace fabrics. So, the President expressed his hope that the Myanmar-Japan Business Forum will further promote bilateral trade between Myanmar and Japan to a greater extent than before.

Reviewing the investment as well, Japan is one of the key countries playing an important role in Myanmar’s investment sector. In particular, the Thilawa Special Economic Zone (Thilawa SEZ) is a prominent symbol of cooperation between the two countries. It can be seen that Japan has made investments worth billions of dollars in sectors including industrial zones, manufacturing, logistics, energy, and services.

In the Thilawa Special Economic Zone project, Japan plays a leading role with the largest share of investment, accounting for 29.92 percent, and it can be regarded as a flagship project of Myanmar-Japan economic cooperation. More than 50 Japanese

See Page - 19

From Page - 18

companies have invested in the Thilawa Special Economic Zone and are operating businesses there. From 2014 to March 2026, a total of 126 companies from 21 foreign countries, including Japan, as well as Myanmar companies, have been granted approval to invest in the Thilawa Special Economic Zone, with total investments exceeding US$-2.3 billion.

At present, the government is placing emphasis on ensuring a stable supply of electricity for factories within the Thilawa Special Economic Zone and facilitating smoother and more convenient business operations, including through the provision of One-Stop Services. In addition, efforts are being promoted to strengthen supply chains by linking with domestic Micro, Small and Medium Enterprises (MSMEs). Japanese investors are also invited to further increase their investments in sectors that can produce value-added products by utilizing Myanmar's agricultural and livestock-based raw materials, as well as in advanced technology sectors that contribute to environmental conservation.

Japan's MSME and SME sectors have played an important role in the country's development into an advanced nation up to the present day. Myanmar is also making efforts to promote the development and growth of MSME businesses. The President reiterated that Myanmar welcomes investment from Japan in the MSME sector.

According to investment data in our country, Japan is the ninth-largest foreign investor in Myanmar, with a total investment amount of US$-1,869.056 million. A total of 127 investment projects from Japan are currently operating and carrying out business activities in Myanmar.

Around 300 Japanese companies are currently operating businesses in Myanmar, and more than 1,500 Japanese nationals are residing in the country. This has facilitated smooth economic cooperation between business communities of the two countries as well as people-to-people exchanges, and will also contribute to further strengthening and promoting the friendly relations and close ties between Myanmar and Japan.

Myanmar is situated at a strategic geographical location between India and China, the world's most populous countries, and Bangladesh, another highly populous nation, with a vast market and a rapidly developing ASEAN region at its heart. Moreover, Myanmar possesses favourable foundations for economic growth and development, and is a country rich in human resources and abundant natural resources. It is an agriculture-based nation with plentiful water resources and vast tracts of potential arable land. With diverse climatic conditions, terrains, and seasons, it can easily cultivate not only perennial crops but also seasonal produce such as rice, pulses, corn, fruits, and vegetables. Our government is striving to transition from traditional farming methods to a modernized, productivity-driven, and sustainable agriculture-based economic system.

Furthermore, in order to meet the country's current needs, we are encouraging and inviting investment in sectors such as fertilizer production, public transportation, electric vehicle production, cement production, steel manufacturing, value-added agricultural and livestock products, and pharmaceutical and medical equipment production. We are also promoting the development of high-value rubber products based on our strong raw material base, as well as rubber-based tyre and furniture manufacturing industries.

Our government is continuously working to create a more transparent, robust, and open business environment for investors, to streamline procedures and regulations, and to provide appropriate policy support. We sincerely invite Japanese businesspeople to confidently participate and invest in Myanmar's long-term development. The State always welcomes investments from Japanese enterprises and will provide necessary support to the best of our ability.

Myanmar is prioritizing and inviting investment in essential energy infrastructure projects, as well as in agriculture, livestock and agro-based industries, renewable energy production, education, health, technology, and digital services.

Following the free and fair elections in our country, the new government is implementing economic reforms to improve the business and investment climate. For example, we have reduced tariff rates for investments related to the development of electric vehicles (EVs) and associated industries. We are particularly reviewing regulatory procedures and transitioning to digital systems to make processes easier and faster, and we are currently developing the Myanmar Digital Roadmap 2030. We are also implementing the Yadanabon Cyber City project, covering approximately 10,000 acres in a favourable climate zone in central Myanmar, and we invite interested Japanese investors to participate.

We believe that this forum will serve as a good foundation for further enhancing existing trade and investment between our two countries. We are confident that by combining Myanmar's natural resources, agricultural potential, youth and labor force strengths with Japanese businesspeople's advanced technology, capital, management experience, and technical expertise, we can build a stronger win-win economic environment.

Japanese businesspeople attending this "Myanmar-Japan Economic Forum" will see for themselves that Myanmar is peaceful and stable, with businesses operating normally. We therefore ask our friends attending to convey these realities to the Japanese people.

We wish for stronger ties between businesspeople from both sides through today's forum, and for increasingly solid opportunities and positive outcomes in economic cooperation.

The Chairman of Ingo Peace from Japan then explained the purpose of holding the Myanmar-Japan Economic Forum. He expressed his sincere pride and joy in being able to hold this opening ceremony. He extended special thanks and appreciation to the members of the Myanmar-Japan Socio-Economic Development Cooperation Association who worked tirelessly to make this forum a reality. As a Japanese citizen, he expressed great happiness at being able to create an opportunity to jointly discuss future cooperation between the two countries under the framework of Myanmar-Japan bilateral collaboration. He expressed hope that both nations could work together to build a new future filled with hope and prosperity. He also offered his best wishes that today's Myanmar-Japan Economic Forum would mark a new step, opening a new chapter in the history of friendship and cooperation between the two countries.

Afterward, the Chairman of Ingo Peace of Japan respectfully presented a commemorative gift for the opening of the Myanmar-Japan Economic Forum to the President. Following this, students from the National University of Arts and Culture (Yangon), under the Department of Fine Arts of the Ministry of Hotels, Tourism, and Culture, performed a dance to the Japanese song "Sakura" (Cherry Blossoms).

Subsequently, the President and attendees of the ceremony took a commemorative group photo.

After the ceremony, the President and the attendees toured the exhibition booths set up for the opening of the Myanmar-Japan Economic Forum with great interest. **Myawady**

# Kanbalu Township to grow more than 90,000 acres of green gram this year

KANBALU July 28

Statistics of Department of Agriculture in Kanbalu Township of Sagaing Region stated that local authorites earmark cultivation of 90,000 acres of green gram as monsoon crops in Kanbalu Township this year.

During the 2026-2027 monsoon crop planting season, Kanbalu Township plans to cultivate 90,594 acres of green gram, with planting scheduled to begin in June and continue through September this year, according to reports.

"This year, during the monsoon crop planting season, more than 90,000 acres of green gram cultivation have been targeted in Kanbalu Township. Efforts will be made to ensure the full target acreage is achieved. Regarding green gram cultivation, awareness campaigns are being conducted to encourage expanded cultivation, and farmers are also being educated on the use of high-quality and pure seed varieties to achieve better yields," said U Myo Zaw, head of the Kanbalu Township Agriculture Department.

This year, the Township Agriculture Department will provide assistance and awareness programs for green gram growers in Kanbalu Township, including access to high-quality seed varieties suitable for the local region, proper cultivation methods, pest prevention measures, systematic use of fertilizers, and practices to improve crop yields.

During this year's monsoon crop cultivation season, the necessary high-quality seed varieties, agricultural inputs, and post-harvest technology training needed to improve the yield and quality of pulse crops will be provided in cooperation with farmers.

**SMK**

# Tomato in high demand at domestic market in Pathein Township

PATHEIN July 28

"Trading of tomato is booming at the domestic market in Pathein Township of Ayeyawady Region," said Daw Win Myint, the owner of green grocery trading depot in Pathein Township.

At the vegetable market in Pathein, demand for tomatoes has been strong and trading has remained good from the first week of April this year up to the present, according to reports. Tomatoes produced in the region are reportedly being traded at volumes of between 5,000 and 6,500 viss per day.

"Tomatoes are selling very well in the Pathein market. Buyers are purchasing large quantities even at the local produce market. The tomatoes being traded are free from pests and are of good quality. This year's tomatoes are reported to have both high quality and good yields," said Daw Win Myint.

Tomatoes are cultivated in Pathein Township, while additional supplies are also purchased and distributed from other regions. Tomatoes with strong market demand fetch Ks-4,000 to Ks-6,500 per viss, according to market sources. **SK**

# Vice President Daw Nan Ni Ni Aye addresses 1/2026 Plenary Meeting of Farmers' Rights Protection Body

NAY PYI TAW July 28

The 1/2026 Plenary Meeting of the Leading Body for the Protection of Farmers' Rights and Enhancement of Their Benefits was held this afternoon at the meeting hall of the Ministry of Agriculture, Livestock and Irrigation in Nay Pyi Taw and Vice President Daw Nan Ni Ni Aye, who serves as Chair of the Leading Body, attended the meeting and delivered the opening address.

The meeting was attended by the Secretary and members of the Leading Body for the Protection of Farmers' Rights and Enhancement of Their Benefits, including Union ministers, the Chairman of the Nay Pyi Taw Council, the Governor of the Central Bank of Myanmar, deputy ministers, heads of departments, vice chairpersons of relevant organizations, experts, and other responsible officials. Chief ministers and officials from the regions and states participated virtually via an online platform.



Vice President Daw Nan Ni Ni Aye delivers an address at the 1/2026 Plenary Meeting of Farmers' Rights Protection Body.

In her opening remarks, Vice President Daw Nan Ni Ni Aye said that Myanmar's economic development is based on agriculture and livestock farming, making the long-term development of these sectors critically important. She stressed the need to safeguard the rights and interests of farmers and livestock breeders from any losses or disadvantages. She also emphasized that sustained support is needed to ensure access to the key requirements for agricultural and livestock production—quality seeds and breeds, fertile land, water resources, appropriate technologies, and capital. She said farmers should have access to quality seeds, seedlings, breeding stock, fertilizers, pesticides, water resources, animal feed, veterinary medicines, and the necessary technical assistance. She further noted that coordinated efforts are required to ensure that smallholder farmers, who often lack sufficient capital, can obtain affordable agricultural loans.

The Vice President said it is essential to ensure that all farmers have access to markets by providing them with information on domestic and international market opportunities, as well as modern information technologies. She added that smallholder farmers who have limited market access should be supported through farmer groups and cooperatives so they can collectively buy inputs, market their produce, and conduct business more effectively. She also noted that the government has been increasing agricultural loans through the Myanma Agricultural Development Bank in line with seasonal requirements and farmers' needs. In addition, the government has established an Economic Promotion Fund to assist rice and oilseed growers by supplying fertilizer under a deferred payment system, allowing farmers to repay the cost after harvesting their crops. Furthermore, she stressed the need to strengthen reliable rural credit and financial systems to enable farmers to more readily invest in and adopt new agricultural and livestock production technologies.

It is necessary for relevant members to study the market and trade information and trade policies published by regional organizations such as ASEAN, BIMSTEC, and the Greater Mekong Subregion (GMS) in advance so that they can be informed in advance and to warn their farmers about the risks of major market fluctuations when their products are ready for export.

The Vice President said that Myanmar is one of the countries in the region endowed with abundant land and water resources, and these resources should be utilized to their fullest potential. She stressed that the country must adapt its agricultural and livestock production systems to keep pace with the evolving global food system. She added that this transition should not only aim to achieve food security, but also ensure adequate nutrition, food safety, increased productivity, and long-term sustainability. To this end, she said, the necessary policies should be formulated and effectively implemented. She also urged all relevant stakeholders to strictly comply with existing laws, rules, regulations, policies, and assigned responsibilities, while continuing to work toward greater progress in the agricultural and livestock sectors.

Following the Vice President's remarks, the Secretary of the Leading Body, Union Minister for Agriculture, Livestock and Irrigation U Min Naung, briefed the meeting on the organizational structure and assigned responsibilities of the Leading Body for the Protection of Farmers' Rights and Enhancement of Their Benefits, its working committee and task forces, as well as the progress of their ongoing activities.

The members of the Leading Body then discussed sector-specific initiatives related to the protection of farmers' rights and the enhancement of their benefits. They reviewed the implementation status of decisions adopted at the previous meeting, reported on the progress of ongoing activities, and presented plans for future work within their respective sectors. The Vice President provided additional remarks, coordinated on matters requiring further action, delivered the closing address, and the meeting came to a close.

**Myawady**

## Thabaung Township sees booming trade of watermelon with high demand

THABAUNG July 28

"Trading of watermelon is in high demand at the domestic market in Thabaung Township of Ayeyawady Region," said Daw Nyo Nyo, the owner of fruit wholesale centre in Thabaung Township.

In Thabaung Township, locally produced watermelons have been traded in the market from the second week of April this year up to the present. Daily demand has increased to between 3,500 and 5,500 fruits, and trading activity is reported to be strong.

In Thabaung Township, watermelons with strong market demand are priced between Ks-3,500 and Ks-9,500 per fruit, depending on size. The strong demand and active trading have benefited growers, reduced transportation costs, and ensured that only fresh produce is sold, bringing multiple advantages to those involved.

**SK**

## 100 percent harvest of wheat completes in Myinmu Township

MYINMU July 28

Local farmers have harvested 100 percent of completion at wheat plantations in Myinmu Township of Sagaing Region, according to the Sagaing District Department of Agriculture.

They planted 8,808 acres of croplands under wheat plantations in Myinmu Township. They started harvest of crops in February this year, and so far, they have reaped all plantations of wheat, producing 21.12 baskets per acre.

Daw Myat Moe Win, the Head of Sagaing District Department of Agriculture, said: "Local farmers grew 8,808 acres of wheat as cold season crops in the township. Now, they have harvested all plantations. Our department raised farmer awareness of growing wheat and provided them with assistance for broadcasting fertilizers and weeding the plantations in order to boost per-acre yield of crops. Moreover, we arranged use of quality strains of crops for them."

In Myinmu Township, efforts were carried out during the crop cultivation season to ensure that all winter crops met their targeted acreage, to improve wheat yields, to enable the systematic cultivation and production of high-quality wheat, and to prevent pest infestations. Wheat is cultivated annually in October, November, and December, and harvested in February, March, and April.

The Township Department of Agriculture has supported farmers who grow wheat by providing training aimed at increasing yields, assisting in access to quality seeds, and selling urea fertilizer at affordable prices.

**SMK**

# President of the Republic of theUnion of Myanmar U Min Aung Hlaing inspects Diesel Locomotive Factory (Mahlwagon) of MR, Ministry of Transportation

NAY PYI TAW July 28

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by members of his entourage, the Chief Minister of Yangon Region, the commander of Yangon Command and officials, inspected Diesel Locomotive Factory (Mahlwagon) of Myanma Railways of the Ministry of Transport this morning.



President of the Republic of the Union of Myanmar U Min Aung Hlaing gives necessary instructions to responsible officials while inspecting a DEMU locomotive in Mahlwagon Locomotive Factory in Yangon.

First, the President heard reports on the brief history of the factory, the vision and objectives, appointment of staff, implementation of instructions given by the Head of State during previous visits, measures taken for durability of railroads, construction of freight carriages, sending staff on study tours to other countries based on their fields of work to enhance their capabilities to implement international standard rail transportation, preparations for production of electric engines, plans to operate three freight trains along Yangon-Mandalay railroad section and three passenger trains along Yangon circular railroad by manufacturing BEL locomotives, operations of trains along Bago-Taungoo and Taungoo-Nay Pyi Taw railroad sections by replacing RBEs with BEMUs, preparations for electricity and signal communications to operate electric trains along Yangon-Mandalay railroad section, operations of trains along railroad sections depending on passenger traffics, consistent efforts for maintenance of locomotives and cleanliness and tidiness of locomotive factories and yards, conditions of trains in operation, operations, pauses and maintenance of diesel and DEMU locomotives and reviews and assessments on defects submitted by Union Minister for Transportation and for Digital Development and Communications U Mya Tun Oo at the meeting hall of the factory.

Over the reports, the President pointed out the needs to conduct research consistently to produce and use better locomotives at home, to take steps to improve craftsmanship and strength of machinery in production, to construct staff quarters systematically for high living standards of them, to complete construction works according to their schedules for respective fiscal year in a timely manner, to operate steam locomotives after repairing and carry out maintenance works in their original styles, to lay ballasts and sleepers systematically to reinforce railroads, to carry out maintenance works along unused railroads to make them ready for train operations, to carry out locomotive maintenance works according to their designated operation hours, to take systematic measures for precise departures and arrivals according to their timetables as rail transportation is used by the public, to make consistent efforts for cleanliness and tidiness of passenger carriages and disciplined rides and convenience of passengers that meet their standards.

Then, the President made remarks on consistent development rail transportation, saying as efforts are currently being made to use electricity sufficiently in the country, the government has been supporting production of battery locomotives domestically and operation of them along some railroads. Railroad bridges must be built over busy railroads without fail and preparations must be made to construct subways in Yangon. In building railroads, carriages and infrastructures for rail transportation, future technical needs must be anticipated. It is necessary to take targeted measures to operate electric trains in the future. Continued steps must be taken to assemble DEMU trains with our own designs domestically. It is necessary to improve the construction of trains in our country by consistently studying train construction technologies from other countries. Maintenance works must be carried out for improvement of railroad crossings.

Afterward, the President inspected DEMU locomotives under regular maintenance tasks in the factory and gave necessary instructions on reports of responsible officials.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ဒုတိယပိုင်းအစီအစဉ်ဆက်လက်ကျင်းပပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများဆွေးနွေး




ရန်ကုန် ဇူလိုင် ၂၈

မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ဒုတိယပိုင်း အစီအစဉ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (myanmar convention center yangon) ၌ ဆက်လက်ကျင်းပပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်းက မြန်မာနိုင်ငံ၏စိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအတွက် ဝန်ကြီးဌာနမှဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ပို့ကုန်သွင်းကုန်များနှင့် ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးက ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် အခွင့်အလမ်းများကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက မြန်မာစီးပွားရေးဝန်းကျင်နှင့် အလားအလာများကိုလည်းကောင်း၊ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက်ဒုတိယဥက္ကဋ္ဌ ဦးသူရိန်အောင်က သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Eco System Collaborator Earth Co., Ltd. မှ Mr.Akihito Sato က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး စကားဝိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးကြပြီး MoU နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကိုကျင်းပရာ ဝါးခယ်မ Trading Co.,Ltd. မှ ဒေါက်တာစိုးထွန်းနှင့် ဂျပန်နိုင်ငံ Fruit world Foundation PTE Co.,Ltd. မှ Mr.Abe Hideyuki၊ Double Island MS Co.,Ltd. မှ ဒေါက်တာမင်းမင်းကျော်နှင့် ဂျပန်နိုင်ငံ Green Carbon Co.,Ltd. မှ မစ္စတာ တာကဲဟိကိုခိုနုမ၊ Myanmar Paddy producer Association Co.,Ltd. မှ ဦးခင်မြင့်နှင့် ဂျပန်နိုင်ငံ Green Carbon Co.,Ltd. မှ မစ္စတာ တာကဲဟိကိုခိုနုမ၊ Myanmar Tourism Bank Co.,Ltd. မှ ဦးရန်ဝင်းနှင့် ဂျပန်နိုင်ငံ Fruit's World Foundation PTE Co.,Ltd. မှ Mr .Yano Kensuke တို့က နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဒေါက်တာချာလီသန်း၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံနှင့်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံ INGO peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki နှင့်တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

# စိုက်ပျိုးရေးကဏ္ဍ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုသော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB)များမှ ယခုနှစ်မိုးရာသီချေးငွေများတိုးမြှင့်ထုတ်ချေး

ရန်ကုန် ဇူလိုင် ၂၈

စိုက်ပျိုးရေးကဏ္ဍ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB) နှင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) များမှ ယခုနှစ် မိုးရာသီချေးငွေများ တိုးမြှင့်ထုတ်ချေးထားကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား မြို့နယ်ရှိမြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ ဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံပိုင်ဘဏ်များအနေဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်ချောမွေ့စေရေး၊ ဘဏ်များ၏အသွင်သဏ္ဌာန်နှင့်ဝန်ထမ်းများဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်စေရေး၊ ဘဏ်ဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးအတွက် ဘဏ်လုပ်ငန်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေး၊ အဂတိတရားကင်းရှင်းရေး တာဝန်ရှိသူများက အဆင့်ဆင့်ကြီးကြပ်သွားရန်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကင်းမြို့နယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့်မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့်လည်းကောင်း၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၌ ကျောက်တံတားမြို့နယ်ရှိ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးနှင့် အကောက်ခွန်ဦးစီးဌာနရုံးချုပ်များမှ ဝန်ထမ်းများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ဦးစီးဌာနများအလိုက် နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိစေရေး၊ လေလွင့်မှုမရှိစေရေး၊ အခွန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်ငွေသတ်မှတ်လျာထားချက်များကို ပြည့်မီကျော်လွန်စေရေးဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းဆောင်ရွက်သည့်အခါတွင် အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**



**➤ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲမှ**

အုပ်စုကမထွက်ရရေး ယနေ့အုပ်စုဒုတိယပွဲသည် အရေးကြီးသည့် ပြိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ နိုင်ပွဲရရှိဖို့အတွက် မြန်မာအသင်းနည်းပြချုပ် အန်ဒါဆင်က ဒဏ်ရာရထားသည့် နန္ဒကျော်နှင့်ဟိန်းထက်အောင်တို့နှစ်ယောက်သာ အပြောင်းအလဲပြုလုပ်ပြီး ကျန်အမာခံကစားသမားများဖြင့် ပွဲထွက်လာသည်။

ပထမပိုင်းပွဲစသည်နှင့် မြန်မာအသင်းဘောလုံးပိုင်ဆိုင်မှုယူကာ ဖိလစ်ပိုင်အသင်းဘက်ကိုအမြင့်ကန်ဘောများဖြင့် ဖိအားပေးတိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၇ မိနစ်တွင် ကျော်မင်းဦးက ဦးဆောင်ဂိုး ရယူပေးခဲ့သည်။ ကွင်းအတွင်းရေဝပ်နေ၍ ဖိလစ်ပိုင်အသင်း ကစားကွက်ပျက်ချိန်များနေရာ မြန်မာအသင်းက လျင်လျင်မြန်မြန်ဖြင့် ပွဲကိုဦးဆောင်ကစားနိုင်ခဲ့သည်။ ဖိလစ်ပိုင်အသင်း ဦးဆောင်ဂိုးခွင့်ပြုပေးရပြီး နောက်ပိုင်းချေပဂိုးရရှိရေး တိုက်စစ်မြှင့်ကစားလာခဲ့ရာ ပွဲကစားချိန် ၁၂ မိနစ်၊ ၂၃ မိနစ်တို့တွင် အကောင်းဆုံးအခွင့်အရေးရရှိခဲ့သော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။

နိုင်ပွဲရရှိရေး သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကစားကြရင်း မောင်မောင်လွင်၊ သန်းပိုင်တို့အတွဲ အပေးအယူမှတစ်ဆင့် ပွဲကစားချိန် ၂၈ မိနစ်တွင် သန်းပိုင်က ဒုတိယဦးဆောင်ဂိုးကို မြန်မာအသင်းအတွက်ရယူပေးခဲ့သည်။ ပွဲချိန်ကြာလာသည်နှင့်အမျှ ဖိလစ်ပိုင်အသင်း ကစားအားကျလာ၍ မြန်မာအသင်း တရစပ်ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးထပ်မံမရခဲ့ဘဲ ၂ ဂိုး ဂိုးမရှိဖြင့်ပင် ပထမပိုင်းပြီးဆုံးသွားသည်။

ဒုတိယပိုင်းပြန်စသည်နှင့် ဖိလစ်ပိုင်အသင်းချေပဂိုးရရှိရေး တိုက်စစ်မြှင့်ကစားခဲ့သလို မြန်မာအသင်းကလည်း သေချာသည့်နိုင်ပွဲဖြစ်ဖို့ တိုက်စစ်အားမချဘဲ ခံစစ်၊ တိုက်စစ် အလိုက်သင့် အတက်အဆင်းကစားခဲ့သည်။ ပွဲကစားချိန် ၅၅ မိနစ်နှင့် ၅၈ မိနစ်တို့တွင် ဖိလစ်ပိုင်အသင်း ချေပဂိုးရရှိရေး အခွင့်အရေးထပ်မံရရှိခဲ့ပြီး ဂိုးကံခေခဲ့ပေမယ့် ပွဲကစားချိန် ၆၈ မိနစ်တွင် J.Gayoso က ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ လက်ကျန်ပွဲကစားချိန်များတွင် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်စစ်ဆင်ရင်း မြန်မာအသင်းအတွက် ပွဲကစားချိန် ၈၁ မိနစ်တွင် ဝင်းနိုင်ထွန်းက တတိယဂိုးနှင့် ပွဲကစားချိန် ၈၃ မိနစ်တွင် သန်းပိုင်က စတုတ္ထဂိုးတို့ကို ခေါင်းတိုက်သွင်းယူပေးခဲ့ကြ၍ ပွဲအပြီးတွင် ၄ ဂိုး ၁ ဂိုးဖြင့် မြန်မာအသင်းက အနိုင်ရရှိသွားသည်။

အဆိုပါ ၂၀၂၆ အာဆီယံဟွန်ဒိုင်းဖလား ပြိုင်ပွဲ အုပ်စု(ဘီ)တွင် မြန်မာ၊ မလေးရှား၊ လာအို၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ပါဝင်ကြပြီး မြန်မာအသင်းသည် အိမ်ကွင်းပွဲစဉ်အဖြစ် ဩဂုတ်လ ၄ ရက်တွင် လာအိုအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

**● ကျောဖုံးမှအဆက်**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်အလိုတွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့၊ မဒေါက်မြို့နှင့် ဆိပ်သာမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

မိမိရှိမှာ အပျိုပေါက်ကလေးဖြစ်၍လာသည်မှစ၍ ယခုအချိန်တိုင်အောင် နှစ်လများစွာ မောင်ထွန်းမြတ် တစ်ယောက်တည်းအား စိတ်ထဲ၌ စွဲစွဲမြဲမြဲချစ်ကြိုက်ခဲ့ပါလျက် မိမိ၏အချစ်ကို မျိုသိပ်၍လာခဲ့ရာ မောင်ထွန်းမြတ်သည်လည်း မိမိအား ချစ်ခင်စုံမက်လေသည်ဟု ယုံကြည်မျှော်လင့်လျက်ရှိသဖြင့် မောင်ထွန်းမြတ်နှင့်ခင်စိန်ကြည်တို့ ထိမ်းမြားကြသောညကပင် အိပ်ရာတွင် တစ်ယောက်တည်း မောင်ထွန်းမြတ်၏အကြောင်းကို စဉ်းစားမိရှာသေး၏။ အားရအောင်ငိုကြွေးပြီးမှ မိမိရီသည် မျက်ရည်တို့ကို သုတ်သိမ်း၍ အိမ်အောက်သို့ဆင်းလာလျက်။

မဂျမ်းပုံက "ကြည့်ပါဦးတော့အေး ဟိုက တစ်သက်လုံး သူ့အဖေနဲ့ ဗိုလ်လိုနေလာတဲ့မိန်းကလေး၊ ဝတ်ဖို့စားဖို့၊ စန္ဒရားတီးဖို့၊ အင်္ဂလိပ်ပုံစာအုပ်ဖတ်ဖို့၊ ဒါပဲ တတ်မယ်၊ သူ့ပုံသူ့ပန်းနဲ့အေ ဒီမိန်းကလေးများ ကြံမှကြံစည်ပါပေတယ်၊ အခု ကျုပ်ပြန်ရင်ဘာလုပ်မလဲသိလား၊ ယူစရာရှိတာယူပြီး ဟိုအိမ် ကျုပ်က ဦးအောင်ပြောင်းနေနေ့ရမယ်"

"သူ့မိန်းမက ကြိုက်ပ့ါမလားအစ်မကြီးရဲ့"

"ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ၊ ဘယ့်နှယ် အမိရယ် သူရောက်လာလို့ အကုန်အကျများရမယ့်အထဲ အိမ်ထောင်ခွဲမနေနိုင်ပါဘူး၊ အခုနေတဲ့အိမ်အငှားချပြီး ကျုပ်က ဟိုလိုက်နေရမယ်၊ ဘယ့်နှယ်တော် ကျုပ်နဲ့တစ်သက်လုံးနေလာပြီး မောင်ကလေးဆိုပေမယ့် သားကလေးလို ဂရုစိုက်ပြီးလာခဲ့တာ အခုတော့မှ သူကခွဲနေချင်လို့ ကျုပ်ကမနေဘူး၊ ကျုပ်ကသွားဦးမယ်မိမိရီ"

■■■■■

**အခန်း(၁၀)**

မောင်ထွန်းမြတ်သည် ရွှေဘိုသို့ရောက်၍ ဝတ်လုံကတော်နှင့်တွေ့လျှင် ဝတ်လုံတော်ရမင်းသည် ရေနံချောင်းမှ ပြန်၍မလာသေးရှိရာ ဝတ်လုံကတော်ကြီးက "မောင်တို့ဦးတော့ မလာသေးဘူး၊ သို့သော်ဒေါ်ဒေါ်ပြီးလည်းပြီးတာပါပဲ၊ ဒေါ်ဒေါ်လည်း စာရေးလိုက်ပါပြီ၊ မောင့်မှာလည်း အခေါက်ခေါက်အခါခါလာရတော့အလုပ်ပျက်အကိုင်ပျက်ဖြစ်နေရှာမယ်၊ ဒီတော့ ဦးလာအောင်စောင့်မနေပါနဲ့တော့၊ ပြီးလည်းပြီးတာပေါ့၊ ဒေါ်ဒေါ်အရှိသားပဲ၊ ဒီတော့ သန်ဘက်ခါလောက်ပဲ တောင်းရမ်းကြပေတော့" ဟုပြောလျှင် မောင်ထွန်းမြတ်သည် ငြင်းဆန်ရန်မရှိသဖြင့် ဝတ်လုံကတော်ပြောသည့်နေ့တွင် တောင်းရမ်းပြောဆို၍ လင်မယားနှစ်ယောက်တို့သည် မန္တလေးသို့ ပြန်လာခဲ့ကြလေ၏။

မန္တလေးသို့ရောက်လျှင် မောင်ထွန်းမြတ်မှာ မိမိ၏ အစ်မကြီးနှင့်လည်း ရုတ်တရက်မတွေ့လိုသေးသည် တစ်ကြောင်း၊ ခင်စိန်ကြည်အတွက်လည်း ဝယ်ရန်ခြမ်းရန်လိုသေးသည်တစ်ကြောင်း၊ မိမိလည်း အလုပ်ဝင်ရန် စိတ်မရှိသေးသည်တစ်ကြောင်းကြောင့် ရေကြောင်းဖြင့်စုန်၍ ရန်ကုန်သို့သွားကြကုန်၏။ မောင်ထွန်းမြတ်မှာ မိမိတစ်ယောက်တည်း ခရီးသွားသည့်အခါ ဒုတိယတန်းဖြင့်သာ စီး၍သွားလေ့ရှိသော်လည်း ခင်စိန်ကြည်မှာ ဖခင်ရှိစဉ်အခါက ပထမတန်းဖြင့်သာ သွားလာလေ့ရှိသောကြောင့် ဖခင်ရှိစဉ်အခါကထက် မယုတ်လျော့စေရန် ပထမတန်းဖြင့် စီး၍သွားလေ၏။ ဤသို့သင်္ဘောနှင့် စုန်လာကြရာ ပခုက္ကူသို့ရောက်၍ သင်္ဘောလည်း ညအိပ်ရန် ဆိုက်ကပ်လေ၏။

ခင်စိန်ကြည်၏ဦးလေး ဝတ်လုံတော်ရမင်းလည်း သတင်းစာတစ်စောင်တွင် တူမခင်စိန်ကြည်လက်ထပ်ကြောင်းကိုတွေ့သဖြင့် မြင်းခြံမှသင်္ဘောစီးမည်ဟု ကူးတို့သင်္ဘောဖြင့် ဆန်လာရာ သင်္ဘောလည်း ပခုက္ကူတွင်ဆိုက်၍ အိပ်လေ၏။ ဝတ်လုံကြီးလည်း မိမိသင်္ဘောမှဆင်း၍ မန္တလေးက စာပို့သင်္ဘောတွင် မိတ်ဆွေများပါလေသလောဟု စာပို့သင်္ဘောပေါ်သို့ တက်လာရာ သင်္ဘောဦးခန်းတွင် တူမခင်စိန်ကြည်ကိုမြင်လျှင်-

"ဟဲ့... ခင်၊ ဘယ်ကိုလဲ နင်တို့" ဟု မေးလျှင်-

"ရန်ကုန်သွားမယ်" လို့ ပြောရာ-

"ထွန်းမြတ်ကော"

"အောက်ခဏဆင်းသွားတယ် ဦးလေးရဲ့"

"ဘယ့်နှယ် နင်သူ့ကိုကြိုက်သလဲ၊ ငါ့ဘာပြုလို့ စာမရေးကြသလဲ"

"ဒေါ်ဒေါ်နဲ့ ကိုထွန်းမြတ်က စာရေးကြတယ်ပြောတာပဲ ဦးလေးရဲ့၊ ပြီးတော့လည်း ဖေဖေရှိစဉ်က ဖေဖေက ဒီလူယုံပြီး အိမ်လက်သင့်ခံလို့ဖြစ်တာပဲ" ဟု ပြောဆဲတွင် မောင်ထွန်းမြတ်လည်း ဝင်လာ၍-

"အလို... ဦးလား၊ ကူးတို့နဲ့ပါလာသလား၊ နေရာကျလိုက်တာခင်ဗျာ" ဟုပြောလျက် လက်ကိုဆွဲ၍ နှုတ်ဆက်မည်ဟု လက်ကိုဆန့်ရာ ဝတ်လုံကြီးသည် မမြင်ချင်ပြု၍ "ခင်စိန်ကြည် ဦးတို့စကားတစ်ခွန်း ပြောစရာရှိလို့ အပြင်ခဏသွားလိုက်ပါဦး" ဟု ပြော၍ ခင်စိန်ကြည်ထသွားလျှင်-

"ဘယ့်နှယ်လဲ မောင်၊ မောင်က ကျုပ်မရှိတုန်း ကျုပ်အိမ်သွားပြီး ဘယ့်နှယ်ကြောင့် ကျုပ်တူမကို တိတ်တဆိတ်လက်ထပ်ရပါသလဲ" ဟုမေးလျှင် -

မောင်ထွန်းမြတ်မှာ ရိုးသားဖြောင့်မတ်သောသဘောရှိ၍ လူတစ်ဖက်သားကို မတရားသဖြင့် ကြံစည်ဖူးသည်မရှိသောကြောင့် အလျှင်းပင် တုန်လှုပ်ခြင်းမရှိသော်လည်း လွန်စွာအံ့သြလှ၍ "ဦး အမိန့်ရှိတာ ကျွန်တော်နားမလည်မိပါ" ဟုပြောလျှင်-

"ဘာနားမလည်စရာရှိလဲ မောင်၊ အုပ်ထိန်းသူမရှိတဲ့အခိုက် မောင်နဲ့ဂုဏ်ချင်းမတူတဲ့မိန်းကလေးတစ်ဦးကို ပုန်းလျှိုးကွယ်လျှိုး ဖြားယောင်းသွေးဆောင်ပြီး ကြံစည်တာ ကောင်းသလား"

မြတ်။ ။"ခင်စိန်ကြည်အပေါ်၌ ကျွန်တော် ဘယ်နေရာမှ ပုန်းလျှိုးကွယ်လျှိုးကြံစည်ခဲ့တယ်မရှိပါကလားခင်ဗျာ၊ ဦး အကြားလွဲပါလိမ့်မယ်"

ဝတ်လုံ။ ။"ကျုပ် ဘာအကြားလွဲရမလဲ၊ ကျုပ်မှလုံးလုံးမကြားရဘူး၊ သတင်းစာထဲမှာတွေ့လို့ ကျုပ်သိရတယ်"

မြတ်။ ။ "ခင်စိန်ကြည်က ကောင်းပါပြီဆိုပြီးတဲ့နောက် ဦးဆီကို ကျွန်တော်အကျိုးအကြောင်း စာရေးထည့်လိုက်ပါတယ်၊ တကယ်ဆိုတော့ ဦးက ကျွန်တော့်ကို အရေးလုပ်ပြီးစာမပြန်တဲ့အတွက် ဦးကို ကျွန်တော်ကတောင် အပြစ်တင်ဖို့ရှိပါတယ်"

ဝတ်လုံ။ ။ "စာထဲ ဘာရေးထည့်လိုက်သလဲ"

မြတ်။ ။ "ခင်စိန်ကြည်က သဘောတူကြောင်း၊ ကျွန်တော့်မှာ ဥစ္စာကြွေငွေမည်မျှရှိကြောင်း၊ ကျွန်တော်တို့နှစ်ဦးစလုံးက မြန်မြန်ထိမ်းမြားချင်တဲ့အကြောင်း"

ဝတ်လုံ။ ။ "ဒီစာဘယ်ကိုလိပ်စာတပ်သလဲ"

မြတ်။ ။ "ဒီစာရေးပြီး ဝတ်လုံကတော်ကြီးက သူထည့်လိုက်မယ်ဆိုလို့ သူ့လက်ကို ကျွန်တော်အပ်လိုက်ရတယ်၊ နောက်ပြီး ဒေါ်ဒေါ်က စာရေးခေါ်လို့ ကျွန်တော်ရွှေဘိုရောက်တော့လည်း သူပြီးရင် ပြီးပါတယ်၊ သူသဘောတူရင် ဦးသဘောတူတာပဲ အတူတူပါပဲလို့ပြောပြီး ဒေါ်ဒေါ်ပဲ ရက်သတ်မှတ်ပါတယ်"

ဝတ်လုံ။ ။ "မောင်ပြောတာ အမှန်ပဲလား၊ ယုံရတော့မှာလား"

မြတ်။ ။ "ကျွန်တော် တစ်ခုအစီရင်ခံပါရစေ၊ ကျွန်တော့်ကို ဦးတို့ထက် ဂုဏ်အသရေညံ့တဲ့လူတစ်ယောက်လို့ ထင်တာထင်ပါတော့၊ သို့သော် လူတစ်ဖက်သားအပေါ်၌ ကောက်ကျစ်စဉ်းလဲ လိမ်လည်ပြောဆိုတတ်တယ်လို့ဖြင့် ကျွန်တော် အထင်မခံပါရစေနဲ့၊ ဒီအကြောင်းတွေကို ဦး မသိသေးမှန်း ကျွန်တော်အခု ဦးကပြောမှ သိရပါတယ်"

ဝတ်လုံ။ ။ "ကဲ... ဒါပဲရှိပါစေတော့၊ ဒါဖြင့် မောင်တို့က ဘယ့်နှယ်ကြောင့် ဒီလောက်တောင် အလျင်လိုရသလဲ၊ ခင်စိန်ကြည်မှာ တစ်နေ့ကတောင် အိမ်ရောက်လို့ ကျုပ်တောင် ရေနံချောင်းကမပြန်သေးဘူး၊ တကတဲ လွန်ပဲလွန်လွန်းတယ်"

**ဆက်လက်ဖော်ပြပါမည်။**

## (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ဝူရှူးနှင့် Teqball အားကစားအဖွဲ့များ အားကစားနည်းအလိုက်လေ့ကျင့်



**ရန်ကုန် ဇူလိုင် ၂၈**

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ဝူရှူးနှင့် Teqball အားကစားအဖွဲ့များသည် တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ သက်ဆိုင်ရာ အားကစားကွင်း/အားကစားရုံများတွင် အားကစားနည်းအလိုက် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် တာဝန်ရှိသူများက အလေးမအားကစားရုံ၌ ပဏာမလက်ရွေးစင် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှု၊ ဝူရှူးအားကစားလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင်ဝူရှူး(ထောက်လု) ကစားသမားများ၏ လေ့ကျင့်နေမှု၊ Teqball အားကစားရုံ၌ ပဏာမလက်ရွေးစင် Teqballအားကစားသမားများ၏ လေ့ကျင့်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးစကားပြောကြားသည်။

ထို့နောက် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုဆုတံဆိပ်များရရှိစေရေး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ချိန် တစ်နှစ်ကျော်ခန့်သာကျန်ရှိတော့ကြောင်း၊ မြန်မာ့အားကစားအောင်မြင်တိုးတက်ရေးအတွက် တာဝန်ရှိသူများ အားလုံး ဘက်ပေါင်းစုံမှ နည်းလမ်းကောင်းများ၊ အကြံဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် တာဝန်ရှိသူများက (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်မလေးရှားနိုင်ငံမှ ထည့်သွင်းကျင်းပမည့်အားကစားနည်းများ၊ မိမိတို့မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသည့် အားကစားနည်းများ၊ အောင်မြင်မှုရရှိနိုင်မည့် အားကစားနည်းများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့များ၏ နေထိုင်စားသောက်နေမှုများ၊ လေ့ကျင့်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအောင်မြင်မှုရရှိရေးအတွက် အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားလုံး ဟန်ချက်ညီညီဖြင့် လက်တွဲ၍အတူတကွကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး အစည်းအဝေးအားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

# ဂျပန်၏ နျူကလီးယား ရည်မှန်းချက်များက ဒေသတွင်းတည်ငြိမ်မှုကို လျော့ပါးစေနိုင်ဟု ရုရှားသတိပေး

**မော်စကို၊ နိုင်ငံရေး**

ဂျပန်နိုင်ငံက စစ်ပုံပြုမှုကိုပြန်လည်လုပ်ဆောင်နေပြီး အဲဒီလုပ်ငန်းစဉ်ထဲမှာ နျူကလီးယားလက်နက်များကို ထည့်သွင်းသွားဖို့ပြင်ဆင်လာနိုင်ခြေရှိပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံရဲ့နျူကလီးယားရည်မှန်းချက်များက ရုရှားနိုင်ငံရဲ့အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်စေရုံသာမက ဒေသတွင်းတည်ငြိမ်မှုကိုပါ လျော့ပါးစေနိုင်တယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက သတိပေးလိုက်ပါတယ်။

မကြာသေးမီက ဂျပန်ကာကွယ်ရေးဝန်ကြီးရဲ့ မှတ်ချက်ပြုပြောစကားများဖြစ်တဲ့ နျူကလီးယားလက်နက်များပိုင်ဆိုင်ရေးအတွက် ဆွေးနွေးမှုလမ်းကြောင်းကို ဖွင့်ပေးဖို့လိုအပ်တယ်ဆိုတဲ့စကားတွေက ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးအတွက်လို့ ဆိုရလောက်အောင် မှန်ကန်မှုမရှိကြောင်း၊ အကြောင်းရင်းက ဘယ်နိုင်ငံကမှ ဂျပန်နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေကို ခြိမ်းခြောက်နေတာမရှိတဲ့အတွက်ဖြစ်ကြောင်း၊ လက်ရှိမှာတော့ ဂျပန်နိုင်ငံရဲ့ရန်လိုတဲ့ စစ်ဝါဒီကိုပြန်အသက်သွင်းလာနေတာကို မြင်တွေ့နေရကြောင်း မာရီယာဇာခါရိုဗာက ပြောထားပါတယ်။

**Ref: Xinhua**

# တရုတ်နှင့်အိန္ဒိယတို့ နယ်စပ်ကုန်သွယ်ရေး ပြန်စမည်

**နယူးဒေလီ၊ နိုင်ငံရေး**

တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ကြားမှာ နယ်စပ်ကုန်သွယ်ရေးကိုရပ်ဆိုင်းထားခဲ့တာ အချိန်တစ်ခုကြာနေပါပြီ။ အခုတော့ နှစ်နိုင်ငံကြား နယ်စပ်ကုန်သွယ်ရေးကို ဩဂုတ်လ ၁ ရက်မှာ ပြန်လည်စတင်တော့မယ်လို့သိရပါတယ်။ အခုလိုမျိုး နယ်စပ်ကုန်သွယ်ရေးကို ပြန်လည်စတင်နိုင်ခြင်းက အာရှဒေသရဲ့ အင်အားကြီးနှစ်နိုင်ငံကြားဆက်ဆံရေး ပုံမှန်ပြန်ဖြစ်လာပြီလို့ ဆိုနိုင်တဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။

သူတို့နှစ်နိုင်ငံကြား နယ်စပ်ကုန်သွယ်ရေးကိုရပ်ဆိုင်းထားခဲ့တာက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ကတည်းကဆိုတော့ အခုဆိုရင် ခြောက်နှစ်လောက်ရှိပါပြီ။ မကြာခင်ပြန်လည်စတင်မယ့် နယ်စပ်ကုန်သွယ်ရေးကို နာသူလာလမ်းကြောင်းကနေတစ်ဆင့် လုပ်ဆောင်မှာဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို နှစ်နိုင်ငံမှတာဝန်ရှိသူများ တက်ရောက်သွားမယ်လို့ဆိုပါတယ်။

နာသူလာလမ်းကြောင်းဆိုတာ ပိုးလမ်းမကြီးပေါ်မှာတည်ရှိနေတာပါ။ ပိုးလမ်းမဆိုတာကလည်း အာရှဒေသကို အနောက်အာရှဒေသ၊ ဥရောပဒေသတို့နဲ့ချိတ်ဆက်ပေးတဲ့ သမိုင်းဝင်ကုန်သွယ်ရေးလမ်းမကြီးတစ်ခုဖြစ်ပါတယ်။

တရုတ်နိုင်ငံနဲ့အိန္ဒိယနိုင်ငံတို့ကြားမှာ နယ်စပ်ရေးရာကိစ္စနဲ့ပတ်သက်လို့ ပဋိပက္ခဖြစ်ပွားမှုတွေရှိခဲ့ပေမယ့်လည်း သူတို့နှစ်နိုင်ငံခေါင်းဆောင်များရဲ့ အမြော်အမြင်ရှိမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိုဘက်စုံတိုးမြှင့်သွားနိုင်ရေးအတွက် အခုလိုဆောင်ရွက်မှုတွေပေါ်ပေါက်လာတာဖြစ်တယ်လို့ လေ့လာသူများက မှတ်ချက်ပြုထားတာတွေ့ရပါတယ်။

**Ref: RT**



# AI ကင်မရာများကြောင့် အသက်ပေါင်းများစွာကို ကယ်ဆယ်လိုက်နိုင်

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံက သေကြောင်းကြံစည်သူများကို အချိန်မီဖော်ထုတ်နိုင်ပြီး အသက်ကယ်နိုင်ရေးအတွက် AI ကင်မရာများကိုအသုံးပြုလျက်ရှိပါတယ်။ အထူးသဖြင့် သေကြောင်းကြံစည်မှုအများဆုံးလုပ်ဆောင်ရာ ဆိုးမြို့ရှိ ဟန်မြစ်ကူးတံတားပေါ်မှာ AI ကင်မရာတွေကို တပ်ဆင်ထားခဲ့ကြတာပါ။ အဲဒီကင်မရာတွေက လူတစ်ယောက်ဟာ မြစ်ထဲခုန်ချတော့မလိုလုပ်နေပြီဆိုရင် သက်ဆိုင်ရာတွေဆီကို သတိပေးချက်ပေးပို့လိုက်ပါတယ်။

သက်ဆိုင်ရာတာဝန်ရှိသူတွေကလည်း AI ကင်မရာဆီကနေသတိပေးချက်ရရှိပြီး ၅ မိနစ်အတွင်းမှာပဲ အဲဒီနေရာကိုသွားကာ သေကြောင်းကြံစည်နေသူကို အချိန်မီတားမြစ်နိုင်ခဲ့ပါတယ်။ အဲဒီကင်မရာတွေကို စောင့်ကြည့်ကင်မရာ ထိန်းချုပ်ခန်းတွေနဲ့လည်းချိတ်ဆက်ထားတာဖြစ်ပါတယ်။ အခုဆိုရင် AI ကင်မရာတွေကြောင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သူတွေကို ကယ်ဆယ်နိုင်တဲ့နှုန်းက ၉၉ ရာခိုင်နှုန်းအထိရှိလာပြီလို့ ထိန်းချုပ်ခန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

**Ref: ST**

# ဝါဆိုလပြည့်နေ့နှင့် ဝါတွင်းပထမရက်တို့၌ ထိုင်းနိုင်ငံတစ်ဝန်း အရက်ရောင်းချမှုတားမြစ်

**ဘန်ကောက်၊ ပြည်တွင်းရေး**

ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာနေ့ထူးနေ့မြတ်တစ်ရက်ဖြစ်တဲ့ ဝါဆိုလပြည့်နေ့နဲ့ ဝါတွင်းကာလပထမဆုံးရက်ဖြစ်တဲ့ ဝါဆိုလပြည့်ကျော် ၁ ရက်တို့တွင် ထိုင်းနိုင်ငံတစ်ဝန်း အရက်သေစာရောင်းချမှုကိုတားမြစ်ထားတယ်လို့ တော်ဝင်ထိုင်းရဲတပ်ဖွဲ့က ပြည်သူများနဲ့စီးပွားရေးလုပ်ငန်းများထံပေးပို့တဲ့သတိပေးအကြောင်းကြားစာမှာဖော်ပြထားပါတယ်။ လက်ရှိအသုံးပြုနေတဲ့ ပြက္ခဒိန်အရဆိုရင်တော့ ဝါဆိုလပြည့်နေ့နဲ့ ဝါဆိုလပြည့်ကျော် ၁ ရက်တို့က ဇူလိုင်လ ၂၉ ရက်နဲ့ ၃၀ ရက်မှာ ကျရောက်နေတာပါ။

ဒါကြောင့် ဥပဒေအရခွင့်ပြုပေးထားတဲ့နေရာတွေကလွဲလို့ ကျန်တဲ့ကုန်စုံဆိုင်တွေ၊ စတိုးဆိုင်တွေ၊ သာမန်စားသောက်ဆိုင်တွေက အဲဒီနှစ်ရက်တာကာလမှာ အရက်သေစာရောင်းချခွင့်မရှိပါဘူး။ ဒါပေမဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်လိုနေရာတွေ၊ ပြည်ပဧည့်သည်တွေရှိရာ ဖျော်ဖြေရေးနေရာတွေ၊ဟိုတယ်လိုနေရာတွေ၊ သက်ဆိုင်ရာရဲ့ ခွင့်ပြုချက်အရလုပ်တဲ့ ပွဲလမ်းသဘင်တွေမှာတော့ အရက်သေစာကိုရောင်းဝယ်ဖောက်ကားခွင့်ရှိပါတယ်။

ထိုင်းနိုင်ငံဟာ ဗုဒ္ဓဘာသာကိုအများဆုံးကိုးကွယ်တဲ့နိုင်ငံဖြစ်ပြီး ဘာသာရေးဆိုင်ရာနေ့ထူးနေ့မြတ်တော်တော်များများမှာ အခုလိုမျိုးပဲ အရက်သေစာရောင်းချခွင့်ကို တားမြစ်ထားပါတယ်။ ပြစ်မှုကျူးလွန်သူများကတော့ ထောင်ဒဏ် ၆ လ သို့မဟုတ် ဒဏ်ငွေအဖြစ် ဘတ် ၁၀၀၀၀ ပေးဆောင်ရပါတယ်။

**Ref: ST**



# ဆွေးနွေးမှုမအောင်မြင်ပါက အီရန်ကို ပြင်းထန်စွာတိုက်ခိုက်မည်ဟု ထရမ့်သတိပေးပြန်

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်အနေနဲ့ အီရန်အပေါ်တိုက်ခိုက်မှုတွေရပ်ဆိုင်းပေးထားတာက ဆွေးနွေးမှုအတွက် နောက်ထပ်အခွင့်အရေးပေးထားတာဖြစ်ပြီး တကယ်လို့ ဆွေးနွေးမှုမအောင်မြင်ဘူးဆိုရင် အီရန်ကိုပြင်းထန်စွာတိုက်ခိုက်သွားမယ်ဆိုပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဇူလိုင်လ ၂၇ ရက်မှာထပ်မံသတိပေးလိုက်ပြန်ပါတယ်။

"ကျွန်တော်တို့က အီရန်နိုင်ငံနဲ့အသေးစိတ်ဆွေးနွေးမှုတွေကို ဆက်လက်လုပ်နေပါတယ်။ အကယ်၍များဆွေးနွေးမှုတွေက အလုပ်မဖြစ်ဘူးဆိုရင် စစ်ရေးအရအပြင်းအထန်တိုက်ခိုက်မှုတွေကို ပြန်လည်လုပ်ဆောင်သွားမှာဖြစ်ပါတယ်" လို့ ထရမ့်က Axios သတင်းဌာနနဲ့တွေ့ဆုံမေးမြန်းခန်းမှာပြောထားပါတယ်။

ဒ့ါအပြင် သံတမန်ရေးအရ အချိန်ဘယ်လောက်အထိပေးထားလဲဆိုတာနဲ့ ပတ်သက်ပြီး သတင်းဌာနကမေးမြန်းတဲ့အခါမှာတော့ ထရမ့်က "အချိန်ကတော့ အများကြီးမရပါဘူး။ တကယ်လို့မြန်မြန်ဆန်ဆန်မလုပ်ဘူးဆိုရင် အားလုံးပျက်စီးသွားမှာပါ" ဆိုပြီးပြောထားပါတယ်။

လက်ရှိအချိန်မှာတော့ အီရန်နိုင်ငံနဲ့ အိုမန်နိုင်ငံတို့ကြား ဆွေးနွေးမှုတွေက တိုးတက်လာနေပေမယ့်သဘောတူညီချက်တွေတော့မရသေးပါဘူး။ အိုမန်နိုင်ငံဆိုတာက အီရန်ရဲ့လက်တုံ့ပြန်တိုက်ခိုက်မှုတွေနဲ့ရင်ဆိုင်ခဲ့ရတဲ့ ဒေသတွင်းနိုင်ငံတွေထဲကတစ်နိုင်ငံဖြစ်ပါတယ်။

**Ref: Xinhua**

# တရုတ် တောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ ရေကြီးမည့်အန္တရာယ်ရှိ

**ပေကျင်း၊ ရာသီဥတု**

အားကောင်းတဲ့တိုင်ဖွန်းမုန်တိုင်းနိုးရဲ့ အကြွင်းအကျန်တွေက ဇူလိုင်လ ၂၈ ရက်မှာ တရုတ်နိုင်ငံပြည်မကြီးထဲကိုဝင်လာပြီဖြစ်တဲ့အတွက် နိုင်ငံတောင်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ ရေကြီးမှုအန္တရာယ်တွေနဲ့ကြုံတွေ့ရနိုင်တယ်လို့ မိုးလေဝသပညာရှင်များကသတိပေးထားပါတယ်။

ဒ့ါအပြင် မုတ်သုံလေအားကောင်းနေတဲ့အတွက်လည်း ဇူလိုင်လ ၃၀ ရက်အထိ အဲဒီဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်းကို အမျိုးသားမိုးလေဝသဌာနကသတင်းထုတ်ပြန်ထားပါတယ်။ အထူးသဖြင့် မုန်တိုင်းက မြောက်ဘက်ကို ဦးတည်ပြီး တိုက်ခတ်သွားတာဖြစ်တဲ့အတွက် တောင်တန်းဒေသတွေမှာ ရေကြီးခြင်း၊ မြေပြိုခြင်းနဲ့ တခြားသဘာဝဘေးတွေဖြစ်ပေါ်စေနိုင်တာဖြစ်တယ်လို့ တရုတ်နိုင်ငံပိုင်သတင်းဌာနတွေကလည်း တာဝန်ရှိသူများရဲ့ပြောဆိုချက်ကို ကိုးကားထုတ်ပြန်ထားပါတယ်။

**Ref: ST**

➧ ကျောဖုံးမှအဆက်

ပေါက်ကွဲမှုဖြစ်ပွားတဲ့ Aeon ကုန်တိုက်ဆိုတာ အဲဒီစီရင်စုမှာအကြီးဆုံးသောကုန်တိုက်ဖြစ်ပါတယ်။ သူက ၂၀၁၆ ခုနှစ်လျှပ်ကြောင့်ပျက်စီးမှုတွေကိုပြင်ဆင်ထားပြီးမှပြန်ဖွင့်တာမကြာသေးပါဘူး။ အခုထပ်ပြီးငလျင်ဒဏ်ကြောင့် ပြိုကျမှုတွေဖြစ်တဲ့အထိဖြစ်ပွားခဲ့ပါတယ်။ အဲဒီကုန်တိုက်ထဲမှာ အလုပ်သမားအယောက် ၂၀ ကနေ ၃၀ ကြားရှိနေတဲ့အပြင် သူတို့နဲ့လည်းအဆက်အသွယ်မရတော့တဲ့အတွက် သူတို့အားလုံးသေဆုံးသွားလောက်ပြီလို့တာဝန်ရှိသူတွေက ယူဆထားပါတယ်။

ဒ့ါအပြင် ငလျင်လှုပ်မှုကြောင့် ဒဏ်ရာရရှိသူအယောက်၅၀ ကျော်ရှိတယ်လို့ဆေးရုံတစ်ခုက သတင်းပေးပို့ထားပါတယ်။ ငလျင်ကြောင့် မြန်နှုန်းမြင့်ရထားတစ်စင်းလမ်းချော်သွားတဲ့အတွက် နောက်ထပ်လူပေါင်းများစွာဒဏ်ရာရရှိထားပါတယ်။

ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ပြင်းအား ၁ ကနေ ၄ မဂ္ဂနီကျူကြားရှိတဲ့ နောက်ဆက်တွဲငလျင်ပေါင်း ၆၀ ကျော်လှုပ်ခတ်ထားပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်တုန်းကလည်း ကူမာမိုတိုမှာပဲ အင်အားကြီးငလျင်တစ်ခုလှုပ်ခတ်ခဲ့တာကြောင့် လူ ၂၇၅ ဦးသေဆုံးပြီး ၂၇၃၉ ဦးဒဏ်ရာရရှိခဲ့ဖူးပါတယ်။**Ref: RTA**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါရာထူးနေရာများ၌ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့်နေရာ | အနိမ့်ဆုံးရှိရမည့်အရည်အချင်း/သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ကျား/မ<br>(၈)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာနှင့် ပတ်သက်သည့် လက်မှတ်တစ်ခုခုရရှိသူ (ပြည်တွင်း/ပြည်ပသာသနာ့တက္ကသိုလ်မှဘွဲ့များ အကျုံးမဝင်ပါ။) |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဂ) ပြင်ပမှလျှောက်ထားသူများသည် ၃၁-၈-၂၀၂၆ ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူ(သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်)။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။
- (ဃ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။
- (င) ရွေးချယ်ခန့်ထားခြင်းခံရပါက အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ဤကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် Download ရယူခြင်း(သို့မဟုတ်)လူကိုယ်တိုင်လာရောက်ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ website တွင် ကိုယ်ရေးအချက်အလက်များဖြည့်သွင်း၍လည်းကောင်း လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်း၍လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲပါရှိရမည်-
- (က) ကိုယ်ရေးမှတ်တမ်းအကျဉ်း၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(ဖြေဆိုချိန်တွင်မူရင်းယူဆောင်လာရမည်)၊
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသောအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
- (င) (၂)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်(၁.၂" x ၁.၄")ကာလာဓာတ်ပုံ(၃)ပုံ(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (စ) (၂)လအတွင်းပြုလုပ်ထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်မိတ္တူ(စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
- (ဆ) ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသူများသည် ပုံစံ-၁၂ လက်မှတ်တင်ပြနိုင်ရမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို website တွင် ကိုယ်ရေးအချက်အလက်များ တိုက်ရိုက်ဖြည့်သွင်း၍ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်(မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းရုံးအဆောက်အအုံ)သို့လိပ်မူ၍ စာတိုက်မှမှတ်ပုံတင်၍ဖြစ်စေ၊ secm.admin.dir@ e-mofr.gov.mm နှင့် secm.admin.dd2@e-mofr.gov.mm သို့ e-mail ပေးပို့၍ဖြစ်စေ ၃၁-၈-၂၀၂၆ ရက်နေ့နောက်ဆုံးထားပေးပို့လျှောက်ထားရပါမည်။ လျှောက်လွှာကိုလူကိုယ်တိုင်လာရောက်တင်ပြလျှောက်ထားရန်မလိုပါ။ သတ်မှတ်ရက်ထက်ကျော်လွန်၍ပေးပို့လာသည့်လျှောက်လွှာများ၊ စည်းကမ်းနှင့်မကိုက်ညီသည့်လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့် အထောက်အထားများကို သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤကော်မရှင်ရုံးသို့ ၇-၉-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ဤကော်မရှင်ရုံးသို့ ၃၁-၈-၂၀၂၆ ရက်နေ့နောက်ဆုံးထားပေးပို့ရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၀-၉-၂၀၂၆ ရက်နေ့နှင့် ၁၁-၉-၂၀၂၆ ရက်နေ့တို့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို ၁၄-၉-၂၀၂၆ ရက်နေ့တွင် ရန်ကုန်မြို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ရေးဖြေစာမေးပွဲဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
- (က) မြန်မာစာနှင့် အထွေထွေဗဟုသုတ - (၂)နာရီမေးခွန်း
- (ခ) အင်္ဂလိပ်စာ - (၂)နာရီမေးခွန်း
- (ဂ) ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ နှုတ်ဖြေစာမေးပွဲနှင့်ကွန်ပျူတာစစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်ပြီး ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာတို့ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးနှင့် ဤကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် ဖော်ပြထားပါမည်။

၁၀။ အသေးစိတ်သိရှိလိုပါက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ စီမံရေးရာဌာန၊ ဖုန်းနံပါတ် ၀၁-၈၃၈၆၆၀၈၊ ၀၁-၈၃၈၆၆၀၉၊ ၀၁-၈၃၇၀၁၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနတို့တွင် အောက်ဖော်ပြပါ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၂)ခုတို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

| Lot No | ဌာန | လုပ်ငန်းအမည် | ပြုပြင်ထိန်းသိမ်းခြင်း |
|---|---|---|---|
| 1 | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | PET/CT & Cyclotron Center ရှိ Cyclotron & Synthera System၊ Comer Hotcell System QC Equipment System (၃)ခု | စက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း |
| 2 | အမျိုးသားကင်ဆာကုသရေးဗဟိုဌာန | Linear Accelerator(Vital beam) | စက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၇-၇-၂၀၂၆ (တနင်္လာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် - ၁၀-၈-၂၀၂၆ (တနင်္လာနေ့)(၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**တင်ဒါကော်မတီ**
**၀၁-၂၅၆၁၁၂ Ext; (၈၀၂)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ငါးထပ်ဆောင်ရှိ ခွဲခန်း(၁၀)ခန်းအတွက် (AHU)စက်၏ (HVAC)Heating Ventilation & Air Condition System အား ပြုပြင်ထိန်းသိမ်းခြင်း Preventive Maintainace လုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် - ၁၈-၈-၂၀၂၆(အင်္ဂါနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**တင်ဒါကော်မတီ**
**၀၁-၂၅၆၁၁၂ Ext;(၈၀၂)**

## MOVERSE ARCHITECTS LIMITED
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်၊ ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် MOVERSE ARCHITECTS LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဌေးဌေးမာ (B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178) (လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အားခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ဌေးဌေးမာထံသို့ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၊ (၁၂)ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **U Lin Khant Oo** | **Daw Htay Htay Mar** |
| **Director** | **Insolvency Practitioner** |
| **MOVERSE ARCHITECTS** | **(B.Com, CPA)** |
| **LIMITED** | **25-B, 5th Floor, Zalun Street, Sanchaung** |
| | **Township, Yangon.** |

### ပျောက်ဆုံးကြောင်း
ကျော်ထက်(ဘ)ဦးမြင့်ဌေး ၉/မထလ(နိုင်) ၃၅၆၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အေးအေးဝင်း(ဘ)ဦးမာမက်အီစမိုင် ၁၂/ဒဂတ(နိုင်)၁၄၂၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 477890)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၂၄၀၀၁၅၈

### ပျောက်ဆုံးကြောင်း
ဖလောရင်း(ဘ)ဦးမာရီယားနို ၂/ဒမဆ(နိုင်) ၀၈၂၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၆၈၁၃၀၅

### ပျောက်ဆုံးကြောင်း
အာကာချစ်မောင်(ဘ)ဦးချစ်မောင် ၁၂/လမတ(နိုင်)၀၃၂၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 886159)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ကောင်းကင်သစ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-10 မှ မအိမွန်မွန်မြင့်၏ဖခင်အမည်မှန်မှာ ဦးကိုဌေး ၇/ကပက(နိုင်) ၀၅၈၅၀၉ ဖြစ်ပါကြောင်း။ **ဦးကိုဌေး**

### အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး(အရှေ့)အ.ထ.က ဘုရားကြီးကျောင်း၊ Grade-12 မှ အဘ ဦးရွှေသွေးအောင်၏သား မောင်ချမ်းမြေ့ကိုကိုအား မောင်ချမ်းမြေ့ကိုကိုအောင် ၇/ပခန(နိုင်)၅၅၆၀၁၉ ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ချမ်းမြေ့ကိုကိုအောင်**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ စောဘီစိန်(ဘ)ဦးစောမောင်စိန် ၈/ဂဂန(နိုင်)၀၀၄၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၉၅၀၇၀

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အ.ထ.က ပျဉ်ပုံကြီးကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မအေးမြတ်သီရိမင်း၏ ဖခင်အမည်မှန်မှာ ဦးငွေမင်း ၁၀/မလမ(နိုင်)၁၆၇၃၀၇ ဖြစ်ပါကြောင်း။ **ဦးငွေမင်း**

### ပျောက်ဆုံးကြောင်း
သက်နိုင်(ဘ)ဦးဒူလာဇီ ၃/ဘအန(နိုင်) ၁၅၇၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခိုင်ဝင်း(ဘ)ဦးကျော်ဝင်း ၁၂/ဒပန(နိုင်) ၀၄၇၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၂၅၉၉၇၉

### ပျောက်ဆုံးကြောင်း
ဒေါ်မွေးမွေး(ဘ)ဦးချစ်လှိုင် ၁၂/တမန(နိုင်) ၀၃၂၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၂၂၁၅၉

### ပျောက်ဆုံးကြောင်း
နန်းမွေဆိုင်(ဘ)ဦးအိုက်ကျိန် ၁၃/သနန(နိုင်)၀၅၃၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၃၁၁၄၁

### ပျောက်ဆုံးကြောင်း
ကျော်ဇင်ထက်(ဘ)ဦးသိုက်ဝင်း ၁၂/ဒဂတ(နိုင်)၁၀၆၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၇၃၀၁၂၈၇

### ပျောက်ဆုံးကြောင်း
နိုင်ရဲလင်း(ဘ)ဦးစိုးမင်း ၉/ကဆန(နိုင်) ၁၇၇၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၇၈၆၇၆၁

### ပျောက်ဆုံးကြောင်း
ဝင်းမိုးအောင်(ဘ)ဦးခင်မောင်ဝင်း ၃/ဘအန(နိုင်)၂၈၅၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 747426)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မျိုးမင်းမင်းဦး(ဘ)ဦးတင်အောင် ၁၂/ဒဂရ(နိုင်)၀၀၆၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်ဝင်း(ခ)သိန်းဝေ(ဘ)ဦးအဗ္ဗဒူလာ(ခ)မာလင်ခင် ၉/မမန(နိုင်)၀၁၆၂၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၈၇၀၃၅၂

### ပျောက်ဆုံးကြောင်း
နန်းတင်တင်မိုး(ဘ)ဦးရွှေရော့ ၃/ဘအန(နိုင်) ၄၃၄၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 915107)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ အောင်ဆန်း(မြို့သစ်)ရပ်ကွက်၊ စစ်မှုထမ်းဟောင်းရပ်၊ ရန်အောင်မြင်လမ်း၊ မူလပိုင်ရှင်ဖြစ်သူ ဦးမောင်တင်အမည်ပေါက် မြေကွက်အမှတ်(၁၄၃)နေ၊ မြေကွက်အကျယ်အဝန်း (အလျား ၄၀'-၀"x အနံ ၆၀'-၀")ရှိဦးအောင်လင်းကို(၁၃/နမတ(နိုင်)၀၁၁၅၆၅)ကိုင်ဆောင်သူမှ (အလျား ၁၆၀'-၀")အုတ်ဝင်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့နယ်၊ စမ်းကလေးအုပ်စု၊ လေးအိမ်စုကျေးရွာနေ ချစ်ကောင်း(ဘ)ဦးညိုမောင် ၉/သစန(နိုင်) ၁၃၄၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၁၀၁၃၂၅

### မိဘအမည်မှန်
ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျေးရွာ အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် (၀၀၁၆)၊ G-9 တွင် ပညာသင်ကြားနေသော မဖူးပွင့်ရွှေစင်ဦး၏ မိဘအမည်မှန်မှာ ဦးသန့်ဇင်ဦး ၆/ကသန(နိုင်)၀၅၁၉၀၈ နှင့် မိခင် ဒေါ်ခင်ဆွေဦး ၈/နမန(နိုင်)၁၂၉၁၆၃ ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်ဦး-ဒေါ်ခင်ဆွေဦး**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ နန္ဒဝန်လမ်းနေ မောင်တင်ဖြိုးအောင်(ဘ)ဦးကျော်ကျော်ညွန့် ၁၄/ပသန(နိုင်)၂၃၉၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# အီတလီအသင်းနည်းပြသစ်ခန့်အပ်မည့်အစီအစဉ်ကို ဖျက်သိမ်းပြီးနောက် နည်းစနစ် ဒါရိုက်တာနှင့် အားကစားဒါရိုက်တာတို့ ရာထူးမှနုတ်ထွက်



ရောမ ဇူလိုင် ၂၈

အီတလီအသင်း နည်းစနစ်ဒါရိုက်တာ မာဒီနီနှင့် အားကစားဒါရိုက်တာ လီယိုနာဒိုတို့သည် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က အီတလီအသင်းနည်းပြသစ်ခန့်အပ်မည့်အစီအစဉ်ကို ဖျက်သိမ်းပြီးနောက် နည်းပြရာထူးလက်ခံပြီး ရက်ပိုင်းအတွင်းပင် ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သည်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးကြိမ်ဆက် ဝင်ခွင့်လွဲချော်ပြီးနောက် အသင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန်ကြိုးပမ်းခဲ့ပြီး ယခုလဆန်းပိုင်းက အသင်းနည်းစနစ်ဒါရိုက်တာအဖြစ် မာဒီနီ၊ အသင်းအားကစားဒါရိုက်တာအဖြစ် ပီအက်စ်ဂျီအသင်းအားကစားဒါရိုက်တာဟောင်း လီယိုနာဒိုတို့ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မာဒီနီနှင့် လီယိုနာဒိုတို့က လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် အီတလီအသင်းဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ပီယာလိုအား ၂၀၃၀ ပြည့်နှစ်အထိ အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ရန်သဘောတူညီမှုရရှိခဲ့သော်လည်း အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြပီယာလိုအား ခန့်အပ်မည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြပီယာလိုသည် လောင်းကစားကုမ္ပဏီတစ်ခုတွင်သံတမန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာပြီးနောက် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြပီယာလိုအား ခန့်အပ်မည့်အစီအစဉ်ကို ဖျက်သိမ်းပြီးနောက် မာဒီနီနှင့် လီယိုနာဒိုတို့ကလည်း အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များအပေါ် ကျေနပ်မှုမရှိသည့်အတွက် ရာထူးမှ အသီးသီးနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က အစောပိုင်းက လစ်လပ်နေသည့် အသင်းနည်းပြသစ်ရာထူးအတွက် မန်စီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဂွါဒီယိုလာကို ခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း နည်းပြဂွါဒီယိုလာက တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် ၁၇ သန်းအထိ အလိုရှိနေပြီး အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပေးချေလိုခြင်းမရှိဘဲ လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်ပြီးနောက် မအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref:Fabrizio Romano***

## လက်ရှိကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

❍ ချယ်လ်ဆီးအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသောကစားသမားများဖြစ်သည့် ကွင်းလယ်ကစားသမား ဟတ်ဒါဆန်နှင့် တိုက်စစ်ကစားသမား ဒန်နီဝဲလ်ဘတ်တို့ကို ခေါ်ယူရန် ကြိုးပမ်းနေသည်။

❍ အင်တာမီလန်အသင်းက မန်စီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ခံစစ်ကစားသမား ဂျွန်စတုန်းအား တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် လေးသန်းဖြင့် ၂၀၂၈ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့သည်။

❍ ဒေါ့မွန်အသင်းက ဂျန့်အသင်းမှ လူငယ်ကစားသမား ကာရီတက်အား ပြောင်းရွှေ့ကြေး ယူရို ၃၃ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

❍ မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်အား ခေါ်ယူရန်စီစဉ်နေသည်။

❍ ဘိုလော့ဂ်နာအသင်းက ရိုးမားအသင်းမှ တိုက်စစ်ကစားသမား ဒေါ့ဘိုက်အား တစ်ရာသီ အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

❍ လိဒ်ယူနိုက်တက်အသင်းက မန်စီးတီးအသင်းဂိုးသမား ထရက်ဖို့ဒ်အား ကလပ်အသင်း၏စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ခဲ့သည်။

# ယူရို ၂၀၂၈ ပြိုင်ပွဲ ပူးတွဲအိမ်ရှင်အသင်းများအနေဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်ဘဲ ခြေစစ်ပွဲကစားရမည်

လန်ဒန် ဇူလိုင် ၂၈

လာမည့် ယူရို ၂၀၂၈ ပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်္ဂလန်အသင်း၊ ဝေးလ်အသင်း၊ စကော့တလန်အသင်းနှင့် အိုင်ယာလန်အသင်းတို့အနေဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်ဘဲ ခြေစစ်ပွဲစဉ်များ ကစားရမည်ဖြစ်သည်။

လက်ရှိဘောလုံးလောကတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့်နိုင်ငံများအနေဖြင့် ခြေစစ်ပွဲကစားရန်မလိုဘဲ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းသစ်များအရ ယူရိုပြိုင်ပွဲတွင် ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပမည်ဆိုပါက ခြေစစ်ပွဲကစားရမည်ဖြစ်သည်။

လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် စပိန်အသင်း၊ ပေါ်တူဂီအသင်းနှင့် မော်ရိုကိုအသင်းတို့က လက်ခံကျင်းပမည်ဖြစ်သည့်အတွက် အဆိုပါအိမ်ရှင် သုံးနိုင်ငံအနေဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲနှစ် ၁၀၀ ပြည့်ကျင်းပမည့်ပြိုင်ပွဲဖြစ်သည့်အတွက် အာဂျင်တီးနားအသင်း၊ ပါရာဂွေးအသင်းနှင့် ဥရုဂွေးအသင်းတို့ကလည်း အုပ်စုတစ်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည့်အတွက် အိမ်ရှင်အသင်းသုံးသင်းနှင့်အတူ ယင်းတို့အသင်းသုံးသင်းမှာလည်း ခြေစစ်ပွဲကစားရမည်မဟုတ်ဘဲ ပြိုင်ပွဲကိုတိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။

သို့သော် ဥရောပဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းသစ်များကြောင့် လာမည့်ယူရို ၂၀၂၈ ပြိုင်ပွဲ ပူးတွဲအိမ်ရှင်အသင်းများအနေဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်သည့်အတွက် အိမ်ရှင်အသင်းလေးသင်းအနေဖြင့်လည်း ခြေစစ်ပွဲစဉ်များကို ပါဝင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

***Ref:ESPN***



# ပီအက်စ်ဂျီအသင်းက အသင်းမှအဓိကတိုက်စစ်ကစားသမား ဒမ်ဘီလီအား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေ

ပဲရစ် ဇူလိုင် ၂၈

ပီအက်စ်ဂျီအသင်းက အသင်းမှအဓိကတိုက်စစ်ကစားသမားဖြစ်သည့် ဒမ်ဘီလီအား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီးနောက် သဘောတူညီမှုရရှိနိုင်ရန် နီးစပ်လျက်ရှိနေသည်။

အသက် ၂၉ နှစ်အရွယ် ဒမ်ဘီလီသည် ၂၀၂၃ ခုနှစ်က ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ပွဲစဉ်အနည်းငယ်သာပါဝင်ခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ဒမ်ဘီလီသည် အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၉ ပွဲပါဝင်ကစားခဲ့ရာ ၃၃ ဂိုးအထိသွင်းယူနိုင်သကဲ့သို့ ဂိုးဖန်တီးမှု ၁၃ ကြိမ်အထိပြုလုပ်နိုင်ပြီး ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ပြီးနောက် ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အလားတူ ဒမ်ဘီလီသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် ချန်ပီယံဆုဖလားဆွတ်ခူးရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းနှင့် ဒမ်ဘီလီတို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး အစောပိုင်းက ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက အသင်းတွင် ဆက်လက်ထိန်းထားလိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်းသိရသည်။

***Ref:Topskillsports UK***

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဖိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဖိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဖိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဖိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဖိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။


၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


SMART®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
VEGA
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Fresh LEMON
YANGON
AIBA
2016
EUROPEAN BEER STAR
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၃၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ပြည်တွင်း၌ အရည်အသွေးပိုမိုကောင်းမွန်သည့် မီးရထားစက်ခေါင်းများအားထုတ်လုပ်အသုံးပြုနိုင်ရေး အမြဲသုတေသနပြုဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်သမ္မတအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဇယ်စက်ခေါင်းရုံ (မလွှကုန်း)၏ နောက်ခံသမိုင်းအကျဉ်း၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှု၊ မီးရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ကုန်တွဲများတည်ဆောက်လျက်ရှိမှု၊ နိုင်ငံတကာအဆင့်မီ မီးရထားပို့ဆောင်မှုစနစ်ဖြစ်စေရေးမီးရထားဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရန်

စာမျက်နှာ ၅ ကော်လံ ၁ ➲




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)အတွင်း ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိသည့် DEMU ရထားတွဲဆိုင်းများအား ကြည့်ရှုစစ်ဆေးစဉ်။

## အာဆီယံဖွားဗိုလ်ချုပ်ပွဲ တွင် မြန်မာအသင်းခြေစွမ်းပြပြီး

# အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲတွင် မြန်မာအသင်းခြေစွမ်းပြပြီး အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ဂိုးပြတ်သွင်း အနိုင်ယူ




ရန်ကုန် ဇူလိုင် ၂၈

၂၀၂၆ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(ဘီ)ပွဲစဉ်တစ်ပွဲဖြစ်သည့် ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းတို့ ယနေ့ညနေပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ ကာပက်စ်မြို့ရှိ နယူးခလက်ခ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ၄ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်သွင်း အနိုင်ရရှိသွားသည်။

မြန်မာအသင်းသည် အဖွင့်ပွဲစဉ်တွင် မလေးရှားအသင်းကို အိမ်ကွင်းမှာကပ်ရှုံးခဲ့၍

စာမျက်နှာ ၂၂ ကော်လံ ၁ ➤

## ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၂၈

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေကျော်အလိုတွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ

စာမျက်နှာ ၂၂ ကော်လံ ၅ ●

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် စုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာ - ၆ သို့

**နောက်ဆုံးရ နိုင်ငံတကာသတင်း**

## ဂျပန်တွင် အင်အားပြင်းငလျင်လှုပ်ခတ် သေဆုံးသူများစွာရှိနိုင်

တိုကျို၊ သဘာဝဘေး

ဇူလိုင်လ ၂၈ ရက် ညနေပိုင်းက ဂျပန်နိုင်ငံ တောင်ပိုင်း ကူမာမိုတိုစီရင်စုမှာ ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျုရှိတဲ့ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်သွားပါတယ်။ ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်ထောင်ပေါင်းများစွာပျက်စီးကာ လျှပ်စစ်မီးပြတ်တောက်၊ လမ်းတွေပျက်စီးပြီး နာမည်ကျော်ကုန်တိုက်တစ်ခုထဲမှာ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၄ ➧

